ARTICLE 19

# အခြေခံအဆင့် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ လမ်းညွှန်

## Beginners’ guide to freedom of expression laws

ARTICLE 19
Free Word Centre
60 Farringdon Road
London
EC1R 3GA
United Kingdom

T: +44 20 7324 2500
E: info@article19.org
W: www.article19.org
Tw: @article19org
Fb: facebook.com/article19org

ARTICLE 19
Downtown Yangon
Myanmar
E: myanmar@article19.org
Tw: @article19asia

ISBN: 978-1-906586-88-1

© ARTICLE 19, 2014
Edition 1 of this guide was published in 2012. This is edition 2.

This work is provided under the Creative Commons Attribution-Non-Commercial-ShareAlike 2.5 licence. You are free to copy, distribute and display this work and to make derivative works, provided you:
1) give credit to ARTICLE 19;
2) do not use this work for commercial purposes;
3) distribute any works derived from this publication under a licence identical to this one.
To access the full legal text of this licence, please visit: http://creativecommons.org/licenses/by-nc-sa/2.5/legalcode.
ARTICLE 19 would appreciate receiving a copy of any materials in which information from this report is used.

This booklet was produced courtesy of funding from the British Government.

This booklet is partially financed by the Government of Sweden. The Government of Sweden does not necessarily share the opinions here within expressed. ARTICLE 19 bears the sole responsibility for the content.

SWEDEN

Foreign & Commonwealth Office

မြန်မာပြည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်အဖြစ် ၂၀၁၂ တွင် အခြေခံအဆင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ လမ်းညွှန်စာအုပ်ကို ထုတ်ဝေခဲ့သည်။ ဤလမ်းညွှန် စာအုပ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် အစိုးရ များ လုပ်ဆောင်ရမည့်အရာ၊ မလုပ်ဆောင်သင့်သည့်အရာများ ကို ရှင်းပြထားသည်။

ARTICLE 19 launched this beginners' guide as part of our work on reform in Myanmar. It is part of a series of such guides which are available at www.article19.org


Regulating print media 3
ပုံနှိပ်မီဒီယာကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း

Regulating journalists 13
သတင်းထောက်များကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း

Regulating the internet 27
အင်တာနက်ကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း

Regulating broadcast media 37
ရုပ်သံလွှင့်မီဒီယာကို စီးမျဉ်းဖြင့်ထိန်းချုပ်ခြင်း

Regulating film 49
ရုပ်ရှင်ကိုထိန်းချုပ်ခြင်း

Regulating freedom of assembly 53
ငြိမ်းချမ်းစွာစုဝေးခြင်း

Regulating assess to public information 61
အများပြည်သူဆိုင်ရာသတင်းအချက်အလက်များ ရယူခြင်း

# ပုံနှိပ်မီဒီယာကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း

## Regulating print media

**ARTICLE 19 is regularly asked whether and how the print media should be regulated. This beginners' guide looks at regulation from a human rights viewpoint and in particular the right to freedom of expression.**

သတင်းထောက်များကို အစိုးရ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက စည်းမျဉ်းဖြင့် ထိန်းချုပ်သင့် လား ဆိုတဲ့မေးခွန်း အာတီကယ် ၁၉ ကို မကြာခဏ မေးလေ့ရှိပါတယ်။ ဤအခြေခံအဆင့် လမ်းညွှန်တွင် စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်းကို လူ့အခွင့်အရေးနှင့် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အမြင်မှ တင်ပြထားသည်။

### Are human rights important when regulating the print media?

Yes. The print media has been one of the biggest sources of information and debate for the public over centuries and as such is one of the most important examples of the right to freedom of expression in use.

The print media has a vital role in making democracies work by publishing a diverse range of voices with different opinions. It can only fulfil this role if it is free to publish what it thinks is important, and in order to do so it relies on the right to freedom of expression.

This right, which is for everyone as well as the print media, is guaranteed in international human rights law in the Universal Declaration of Human Rights and the International Covenant on Civil and Political Rights, collectively known as the international bill of human rights, and which emerged from the horrors of World War II.

International human rights law has become so important that all governments are required to respect, protect and fulfil the right to freedom of expression within each country.

Regulation of the print media can be a problem because it interferes with the right to freedom of expression. ARTICLE 19 exists to point out what regulation is okay and suitable in a democracy and what regulation is not. We do not guess - we look at and compare with the human rights standards that have developed internationally over several decades.

International human rights standards say that regulation of the print media must be:

1. Written in law (not arbitrary)
2. Have a legitimate aim (these aims are listed in international law as the rights or reputations of others, national security, public order, public health and morals)
3. Absolutely necessary to achieve the

above aim (necessary in a democracy, and done in a proportionate way).

This is known as the three-part test and comes from the International Covenant on Civil and Political Rights.

## ပုံနှိပ်မီဒီယာကို စည်းမျဉ်းဖြင့် ထိန်းချုပ်ရာတွင် လူ့အခွင့်အရေး အရေးကြီးသလား။

အရေးကြီးပါသည်။ ရာစုနှစ်ပေါင်းများစွာ သတင်းအချက်အလက်နှင့် ဆွေးနွေးမှုများအကြောင်း သိရှိနိုင်သည့် အကြီးမားဆုံးသော သတင်းအရင်းအမြစ်တစ်ခုဖြစ်ခဲ့သော ပုံနှိပ်မီဒီယာသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ သာဓကတစ်ခုလည်းဖြစ်သည်။

ပုံနှိပ်မီဒီယာတွင် အမြင်အမျိုးမျိုးကိုထင်ဟပ်သည့် ရေးသားချက်များကို ထုတ်ဝေပေးခြင်းကြောင့် ပုံနှိပ်မီဒီယာသည် ဒီမိုကရေစီရှင်သန်ရေးအတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိပါ သည်။ ၎င်း၏ ခန်းကဏ္ဍကို အပြည့်အဝ ဖော်ဆောင်နိုင်ရန်မှာ အရေးကြီးသည်ဟု ထင်သည့် အကြောင်းအရာကို လွတ်လပ်စွာထုတ်ဝေနိုင်မှာ ဖြစ်နိုင်ပေမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် လွတ်လပ်စွာထုတ်ဖော်ပြေ ာဆိုခွင့်ကို အားကိုးအားထားပြုရသည်။

ဤ အခွင့်အရေးသည် လူတိုင်းအတွက်နှင့် ပုံနှိပ်မီဒီယာအတွက်ဖြစ်ပြီး၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းနှင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များတွင် အာမခံချက်ပေးထား သည်။ ၎င်းအခွင့်အရေးသည် ခြောက်ခြားဖွယ် ဒုတိယကမ္ဘာစစ်ဖြစ်ရပ်မှ ပေါ်ထွက်လာပြီး တစ်စုတစ်စည်းတည်းအဖြစ် အခြေခံနိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအဖြစ်လည်းသိထားကြ သည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေသည် အလွန်အရေးကြီးသောကြောင့် နိုင်ငံတစ်ခုချင်းစီရှိ အစိုးရ တိုင်းသည် လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကို ကျင့်သုံးနိုင်ရန် ဖော်ဆောင်ပေးရန်လိုသည်။

ပုံနှိပ်မီဒီယာကို စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်း သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက် လျှင် မကောင်းပါ။ ဒီမိုကရေစီအတွက် မည်သို့သောစည်းမျဉ်းသည် သင့်တော်ပြီး၊ မည်ကဲ့သို့ သောအခွင့်အရေးသည် မသင့်တော်ကြောင်း အာတီကယ် ၁၉ က ထောက်ပြပါသည်။ မိမိတို့ ခန့်မှန်း ပြောဆိုခြင်းမလုပ်ပါ။ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတကာတွင် ဖြစ်ထွန်းတိုးတက်လာ သော လူ့အခွင့်အရေးစံနှုန်းကို ကြည့်၍ နှိုင်းယှဉ်မှုပြု ထားခြင်းဖြစ်သည်။

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းအရ ပုံနှိပ်မီဒီယာဆိုင်ရာ စည်းမျဉ်း၊စည်းကမ်းသည်

၁။ ဥပဒေဖြင့် ရေးသားထားရမည်။
( အလျင်းသင့်သလို မတရားလုပ်ဆောင်ခြင်းမဖြစ်စေရ)

၂။ တရားဝင် ဦးတည်ချက်ရှိရမည်။ ( ထိုဦးတည်ချက်များကို အခြားသူ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာ၊ အမျိုးသားလုံခြုံရေး၊ လူထုလုံခြုံရေး၊ လူထုကျန်းမာရေး နှင့် ကိုယ်ကျင့်တရား များအဖြစ် နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသည်။)

၃။ ၎င်းဦးတည်ချက်များကို ရရှိရန် လုံးဝ လိုအပ်သည့်အခြေအနေတွင်( ဒီမိုကရေစီအတွက် လိုအပ်ခြင်းနှင့် အချိုးညီစွာ လုပ်ဆောင်ခြင်း) ဖြစ်ရမည်။

၎င်းတို့သည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်မှ ပေါက်ဖွားလာခြင်း ဖြစ်ပြီး အဆင့်သုံးဆင့် လိုအပ်ချက်အဖြစ်သိထားကြသည်။

## Should the print media be regulated in law?

No. Even though some governments say that they are trying to protect the right to freedom of expression, any regulation of the print media is a bad idea. Regulation at best creates bureaucratic obstacles and loopholes and at worst creates a system where such obstacles and loopholes can be used to abuse and censor the media.

Most established democracies do not have specific regulations for the print media. Democracies do have laws covering the broadcast media, but they are to ensure the fair distribution of limited broadcast channels. The print media should only be treated like any other company and regulated through laws that cover all companies, such as labour or tax laws.

## ပုံနှိပ်မီဒီယာကို ဥပဒေတွင် စည်းမျဉ်းပြဋ္ဌာန်း၍ ထိန်းချုပ်သင့်ပါသလား။

မလုပ်သင့်ပါ။ အစိုးရတစ်ချို့သည် သူတို့အနေနဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ် စောင့်ရှောက်သည်ဟု ဆိုသော်လည်း ပုံနှိပ်မီဒီယာကို စည်းမျဉ်းဖြင့်ထိန်းချုပ်ရန် စိတ်ကူးခြင်း သည် ကောင်းသည့်ကိစ္စမဟုတ်ပါ။ စည်းမျဉ်းသည် ဗျူရိုကရက်အဟန့်အတားနှင့် ဟာကွက်များကို ဖြစ်ပေါ်စေပြီး၊ အဆိုးဆုံးအခြေအနေအဖြစ် ထိုအဟန့်အတားနှင့် ဟာကွက်များကို အစိုးရက အသုံးပြုကာ မီဒီယာကို အလွဲသုံးစားပြုခြင်း၊ ဆင်ဆာပြုခြင်းများ ပြုလုပ်လာတတ်သည်။

အခြေတည်သော ဒီမိုကရေစီစနစ်တွင် ပုံနှိပ်မီဒီယာအတွက် သီးသန့်စည်းမျဉ်းမရှိပါ။ ဒီမိုကရေစီ စနစ်တွင် အကန့်အသတ်ဖြင့်သာရှိသော ရေဒီယိုနှင့် ရုပ်မြင်သံကြားလိုင်းများ မျှတစွာ ဖြန့်ချီရန် အတွက်ရည်ရွယ်၍ ပြဋ္ဌာန်းထားသော ရေဒီယိုနှင့် ရုပ်မြင်သံကြားဆိုင်ရာ ဥပဒေ သာရှိသည်။ အခြားကုမ္ပဏီများအပေါ်သဘောထားသကဲ့သို့ ပုံနှိပ်မီဒီယာကိုလဲ တစ်သဘောထဲထားပြီး ဆက်ဆံကာ ကုမ္ပဏီများအပေါ်ထားရှိသည့် အခွန် သို့မဟုတ် လုပ်အားဆိုင်ရာ ဥပဒေများဖြင့် စည်းမျဉ်းချမှတ်သင့်သည်။

## Should the print media be licenced?

No. Some states do require people or companies to get permission usually via a licence to open a newspaper or other printed publication. Such licencing violates international law – there is no pressing social or democratic need to require the print media to be authorised by the government or some other body, and any licencing in effect places the state in control of the media. Licensing stops the free flow of information, controls who can and who cannot publish, and limits the number of publications and therefore voices and opinions that the public can hear from.

## ပုံနှိပ်မီဒီယာကို လိုင်ဆင်ပြဌာန်းသင့်သလား။

မပြဌာန်းသင့်ပါ။ ပြည်သူ သို့မဟုတ် ကုမ္ပဏီများမှ သတင်းစာတိုက်ထောင်ရန် သို့မဟုတ် အခြားပုံနှိပ်ထုတ်ဝေရန်အတွက် တစ်ချို့အစိုးရသည် လိုင်စင်ဖြင့်သာခွင့်ပြုချက်ပေးသည်။ ထိုသို့ လိုင်စင်ပြဌာန်းခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်သည်။ အဖွဲ့တစ်ခုခုမှ သို့မဟုတ် အစိုးရမှ ပုံနှိပ်မီဒီယာကို ခွင့်ပြုချက်ပေးရန်အရေးတကြီး လူမှုရေး သို့မဟုတ် ဒီမိုကရေစီအတွက် လုပ်ဆောင်ဖို့မလိုအပ်ပါ။ လိုင်စင်ပြဌာန်းခြင်းသည် ပုံနှိပ်မီဒီယာကို နိုင်ငံတော်မှ ထိန်းချုပ်စေရန်သာ ဖြစ်စေသည်။ လိုင်စင်ပြဌာန်းခြင်းသည် သတင်းအချက်အလက်များလွတ်လပ်စွာစီးဆင်းမှုကို အဟန့်အတားဖြစ်စေသည်၊ လူတိုင်း၏ ထုတ်ဝေနိုင်ခွင့်ကို ထိန်းချုပ် ပြီး၊ ပုံနှိပ်ထုတ်ဝေခြင်းအရေအတွက် ကန့်သတ်လိုင်ခြင်းကြောင့် ပြည်သူ၏ အမျိုးမျိုးသောအသံနှင့် ထင်မြင်ချက်များကြားနိုင်ခွင့်ကို ကန့်သတ်လိုက်ရာရောက်သည်။

## Should the print media be registered?

The simple answer is that it depends on whether registration is a barrier to publication. Registration is only acceptable if it has narrow technical requirements where only limited information is required, where fees are small, and where registration cannot be refused.

## ပုံနှိပ်မီဒီယာကို မှတ်ပုံတင်သင့်သလား။

လွယ်ကူသည့်အဖြေမှာ ပုံနှိပ်ထုတ်ဝေရန်အတွက် မှတ်ပုံတင်ရန် အခက်အခဲ ရှိ မရှိပေါ်မူတည် သည်။ မှတ်ပုံတင်ခြင်းကို မငြင်းပယ်နိုင်သည့်အခြေအနေ၊ ကုန်ကျစရိတ်နည်းခြင်း၊ သတင်းအချက်အလက်အနည်းငယ်သာ တင်ပြရန်လိုအပ်ကာ လုပ်ငန်းပိုင်းနည်းပညာအရ လိုအပ်ချက် အနည်းငယ်ရှိသော အခြေအနေမျိုးတွင်သာ မှတ်ပုံတင်ခြင်းသည် လက်ခံနိုင် စရာဖြစ်သည်။

## Can the state suspend or ban a newspaper?

Temporarily or permanently banning a newspaper or other print media greatly undermines the right to freedom of expression by stopping a flow of information to the public, singlehandedly punishing

both the newspaper and their readership.

Banning a newspaper violates international law as the judging body is in effect overseeing a system of licencing. Even if that body is a court, the decision to ban is unjustifiable in international law. Even a temporary ban is a disproportionate violation of the right to freedom of expression when many other and less indiscriminate methods exist, such as fines or the seizure of a single issue of the newspaper.

Punishments that undermine the print media's ability to publish and distribute are in effect the same as a ban and similarly undermine the right to freedom of expression.

## သတင်းစာကို အစိုးရက ပိတ်ပင်ခြင်း သို့မဟုတ် ထုတ်ဝေခွင့်ရပ်တန့်ထားခြင်း ပြုလုပ်နိုင်ပါသလား။

ခဏတာ သို့မဟုတ် တစ်သက်လုံးအတွက် သတင်းစာတစ်စောင် သို့မဟုတ် ပုံနှိပ်မီဒီယာကို ပိတ်ပင်ခြင်းဖြင့် ပြည်သူလူထုံသို့ သတင်းအချက်အလက်စီးဆင်းမှုကို ရပ်တန့်ခြင်း၊ သူတင်းစာနှင့် ၎င်း၏ စာဖတ်သူကို တစ်ဖက်သတ် ပြစ်ဒဏ်ပေးရာ ရောက်သောကြောင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို ထိခိုက်စေပါသည်။

ဆုံးဖြတ်ချက်ချပေးသော အဖွဲ့အစည်းသည် လိုင်စင်ပြဋ္ဌာန်းခြင်းစနစ်ကို ကြည့်ကြပ်သောကြောင့် သတင်းစာကိုပိတ်ပင်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်သည်။ ထို အဖွဲ့အစည်း သည် တရားရုံး ဖြစ်နေသောငြားလည်း နိုင်ငံတကာဥပဒေအရ ပိတ်ပင်ရန်ဆုံးဖြတ်ချက်သည် လက်မခံသင့်ပါ။ ငွေဒဏ် သို့မဟုတ် သတင်းစာ၏ အတွဲတစ်တွဲကို သိမ်းဆီးလိုက်ခြင်း ကဲ့သို့သော အခြားသော နည်းလမ်းကို အသုံးပြုနိုင်သည်။ ခဏတာ ပိတ်ပင်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အချိုးမညီစွာ ချိုးဖောက်ခြင်းဖြစ်သည်။

ပုံနှိပ်မီဒီယာ၏ ထုတ်ဝေခြင်းနှင့် ဖြန့်ဝေခြင်းအစွမ်းကို ထိခိုက်စေသည့် ပြစ်ဒဏ်များသည် တားဆီး ပိတ်ပင်ခြင်း၏ အကျိုးရလဒ်နှင့် အတူတူပင်ဖြစ်ပြီး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မထီမဲ့မြင် ပြုခြင်းဖြစ်သည်။

## Is self-regulation suitable for the print media?

Yes. The print media's role is to inform people about what the government and the state do. As the government and state are often criticised in newspapers, it is not in the people's interest for them to regulate the print media because of the likely risk of censorship.

A more suitable solution is self-regulation – often named a 'press council' – with a mandate to raise media standards and help sort out problems such as unprofessional or inaccurate reporting. Self-regulation averts state regulation and keeps the print media

free and independent.

## ပုံနှိပ်မီဒီယာကို ကိုယ်တိုင်စည်းမျဉ်းချမှတ်ခြင်းသည် သင့်တော်ပါသလား။

သင့်တော်ပါသည်။ ပုံနှိပ်မီဒီယာ၏ အခန်းကဏ္ဍသည် ပြည်သူလူထုအား အစိုးရနှင့် နိုင်ငံတော်၏ လုပ်ဆောင်နေမှုများအကြောင်း အသိပေးဖို့ဖြစ်တယ်။ အစိုးရနှင့် နိုင်ငံတော်ကို သတင်းစာများတွင် မကြာခဏ ဝေဖန်ပြောဆိုသောကြောင့်၊ အစိုးရကို ပုံနှိပ်မီဒီယာများအပေါ် စည်းမျဉ်းဖြင့် ထိန်းချုပ်ခိုင်းခြင်းသည် လူထု၏ အကျိုးစီးပွားမဟုတ်ပါ။ ဆင်စာလုပ်မည့် အန္တရာယ် ရှိလာနိုင်သည်။

ပိုမိုသင့်တော်သောအဖြေမှာ မီဒီယာအဆင့်အတန်းကို မြင့်တင်ရန်နှင့် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမရှိသော သို့မဟုတ် သတင်းမှားတင်ပြခြင်းများကိုဖြေရှင်းရန် လုပ်ပိုင်ခွင့် အာဏာ ဖြင့် ("စာနယ်ဇင်းကောင်စီ"အဖြစ် အသိများသော) ကိုယ်တိုင်စည်းမျဉ်း ချမှတ်ခြင်းဖြစ်သည်။ ကိုယ်တိုင်စည်းမျဉ်းချမှတ်သောစနစ်သည် နိုင်ငံတော်၏ စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်းကို တားဆီး နိုင်ပြီး ပုံနှိပ်မီဒီယာကို လွတ်လပ်စေသည်။

## Can you give an example of a 'press council'?

Press councils are different in every country because of different democratic traditions, types of administration or government, and even geography. Some countries have both regional and national press councils.

Generally, press councils consist of members who take charge of its operation and finances. They also have commissions that receive and handle complaints about the work of the print media.

## "စာနယ်ဇင်း ကောင်စီ" အကြောင်းဥပမာ တစ်ခုလောက် ပေးနိုင်ပါသလား။

မတူညီသော ဒီမိုကရေစီဓလေ့၊ အုပ်ချုပ်မှုစနစ် သို့မဟုတ် ပထဝီအနေအထားပေါ်မူတည်၍ စာနယ်ဇင်းကောင်စီများသည် နိုင်ငံအလိုက် ကွဲပြားကြသည်။ နိုင်ငံတစ်ချို့တွင် နိုင်ငံအဆင့်နှင့် ဒေသအဆင့် ဟူ၍ နှစ်ခုရှိသည်။

ယေဘုယျအားဖြင့် ငွေကြေးဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှု တာဝန်ယူသည့် သူများဖြင့် စာနယ်ဇင်းကောင်စီကို ဖွဲ့စည်းထားသည်။ ၎င်းတို့တွင် ပုံနှိပ်မီဒီယာ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ပတ်သက်၍ တိုင်ကြားချက်များကို လက်ခံဖြေရှင်းသည့် ကော်မရှင်လည်းပါဝင်သည်။

## Who should be a member of a press council?

Press councils should include journalists, media owners, and publishers. They can also include professional organisations, such as unions, and sometimes representatives of wider civil society. The members do not work full time and are often volunteers, but they are supported by administrative staff who are employed to keep things running smoothly.

## ဘယ်သူတွေ စာနယ်ဇင်းကောင်စီတွင် အဖွဲ့ဝင်ဖြစ်သင့်သလဲ။

စာနယ်ဇင်းကောင်စီတွင် သတင်းထောက်များ၊ မီဒီယာပိုင်ရှင်များနှင့် ထုတ်ဝေသူများ ပါဝင်သင့် သည်။ သမဂ္ဂကဲ့သို့သော အတတ်ပညာရှင်အဖွဲ့အစည်းများနှင့် တစ်ခါတစ်ရံ လူထုအခြေပြု အဖွဲ့အစည်းမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်နိုင်စေသည်။ အဖွဲ့ဝင်များသည် အလုပ်ကို အချိန်ပြည့် မလုပ်သည့် စေတနာ့ဝန်ထမ်းများဖြစ်ပြီး၊ ၎င်းတို့ကို လုပ်ငန်းပိုင်းဆိုင်ရာ ချောမွေ့စွာ လည်ပတ်စေရန်အတွက် ခန့်ထားသော ရုံးဝန်ထမ်းများက ကူညီပံ့ပိုးပေးသည်။

## What should a press council do?

Press councils should set standards for professionalism by creating a code of conduct (or ethics) and educating journalists, media owners, publishers and others involved in the print media. They should also tell the wider public about their standards and code, and make decisions on complaints submitted to them by the public.

## စာနယ်ဇင်းကောင်စီက ဘာတွေလုပ်ဆောင်သင့်သလဲ။

လိုက်နာဆောင်ရွက်ရမည့် စည်းကမ်း၊ စည်းမျဉ်း( သို့မဟုတ် ကျင့်ဝတ်) ရေးဆွဲပြဋ္ဌာန်းခြင်း၊ သတင်းထောက်များ၊ မီဒီယာ ပိုင်ရှင်များ၊ ထုတ်ဝေသူများနှင့် ပုံနှိပ်မီဒီယာတွင် ပါဝင်ပတ်သက် နေသည့် အခြားသောသူများကို ပညာပေးခြင်းများပြုလုပ်သည်။ ၎င်းတို့ထံ လူထု ပေးပို့လာသော တိုင်ကြားစာများအပေါ် ဆုံးဖြတ်ချက်ချခြင်းနှင့် ပြည်သူလူထုကို ၎င်းတို့၏ စံနှုန်းနှင့် လိုက်နာရ သည့် ကျင့်ဝတ်စည်းကမ်းများကို ပြောပြသည်။

## What should a press council's code of conduct say?

Every code is different depending on the situation in each place. However, they should cover:

- Respect for the people's right to know
- Accuracy in news gathering and reporting
- Fairness in the methods used to get news, photographs and documents
- Sensitivity in reporting on vulnerable groups such as children and victims of crime
- Non-discrimination in relation to race, ethnicity, religion, sex and sexual orientation
- Respect for the presumption of innocence in reporting on criminal procedures
- Protection of confidential sources of information
- Duty to rectify published information found to be inaccurate of harmful.

## စာနယ်ဇင်းကောင်စီ၏ အပြုအမူဆိုင်ရာ

## ကျင့်ဝတ်စည်းမျဉ်းတွင် ဘာတွေပါသင့်သလဲ။

နေရာတစ်ခုခြင်းစီ၏ အခြေအနေပေါ်မူတည်၍ ကျင့်ဝတ်စည်းကမ်းတိုင်းသည် ကွဲပြားသွားကြသည်။ သို့သော် ၎င်းတို့တွင် -

- အများပြည်သူ၏ သိရှိနိုင်ခွင့် အခွင့်အရေးကို လေးစားရန်
- သတင်းစုံစမ်းခြင်းနှင့် တင်ပြရာတွင် မှန်ကန်မှုရှိရန်
- စာရွက်စာတမ်းများ၊ ဓာတ်ပုံများနှင့် သတင်းများကို ရယူရာတွင် တရားသော နည်းလမ်းဖြစ်လုပ်ဆောင်ရန်
- ပြစ်မှုကျူးလွန်ခံရသူများနှင့် ခလေးငယ်များကဲ့သို့သော အားနည်းချက်ရှိသော သူများ အကြောင်း သတင်းပေးပို့ရာတွင် အထူးသတိထားဆင်ခြင်ရန်
- လူမျိုး၊ တိုင်းရင်းသား၊ ဘာသာရေး၊ လိင် နှင့် မိမိသဘောအရ ကြိုက်နှစ်သက်သည့် လိင် ပိုင်းဆိုင်ရာရွေးချယ်ထားမှုအကြောင်းများကို သတင်းပေးပို့ရာတွင် ခွဲခြားခြင်းမပြု လုပ်ရန်
- ပစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ကို သတင်းရေးရာတွင် တရားခံကို စီရင်ချက် မချမည် အပြစ်မရှိသူအဖြစ် ယူဆထားရမည်ဆိုသည့်ကို လေးစားရန်
- လျှို့ဝှက်ထားရမည့် သတင်းရင်းမြစ်များကို အကာအကွယ်ပေးခြင်း
- သတင်းမှားများ ထုတ်ပြန်ထားမိ၍ နစ်နာမှုများထွက်ပေါ်လာလျှင် ပြန်လည်စစ်ဆေး ၍ တာဝန်ခံ ဖြေရှင်းခြင်း

## Who should pay for press councils?

Press councils should be paid for in a way that keeps them independent from outside pressure. The best way to do this is for them to be paid for by journalists, owners of the print media, publishers and donors.

## ဘယ်သူတွေက စာနယ်ဇင်းကောင်စီအတွက် ငွေကြေးပေးဆောင်သင့်သလဲ။

စာနယ်ဇင်းကောင်စီများ အပြင်ဘက်ဖိအားမှ လွတ်လပ်နေရန် အတွက်လုပ်ဆောင်နေသောကြောင့် ၎င်းကို ငွေကြေးပေးဆောင်သင့်သည်။ အကောင်းဆုံးလုပ်ရန် နည်းလမ်းမှာ သတင်းထောက်များ၊ ပုံနှိပ်မီဒီယာပိုင်ရှင်များ၊ ထုတ်ဝေသူများနှင့် အလှူရှင်များက ၎င်းတို့အတွက် ပေးဆောင်သင့်သည်။

## What should press councils do with people who break the code?

As press councils are independent from the state in order to keep them free from control, they cannot use the state's powers such as police or fines. The only thing they can do when their code is broken is to get the newspaper to print the council's decision saying that they broke the code. Usually the print media does what the council says because they know that it would be far worse for democracy if the people became disillusioned with the press

council and called on the state to punish them.

## ကျင့်ဝတ်စည်းမျဉ်း ချိုးဖောက်သူများကို စာနယ်ဇင်းကောင်စီမှ မည်သို့လုပ်ဆောင်သင့် သနည်း။

စာနယ်ဇင်းကောင်စီများသည် နိုင်ငံတော်၏ ထိန်းချုပ်မှုမှ လွတ်ကင်းရန် နိုင်ငံတော်၏ စွမ်းအားများဖြစ်သည့် ရဲ နှင့် ဒါဏ်ငွေ ပေးဆောင်စေခြင်းများကို အသုံးမပြုနိုင်ပါ။ ကျင့်ဝတ် စည်းကမ်း ချိုးဖောက်လျှင်လုပ်နိုင်သည့် တစ်ခုတည်းသောအရာမှာ ဖောက်ဖျက်သူကို သတင်းစာတွင် ကောင်စီ၏ ကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်ခဲ့ကြောင်း ထည့်သွင်းကြော်ငြာ ခိုင်းစေခြင်းသာဖြစ်သည်။ ပုံမှန်အားဖြင့် ပုံနှိပ်မီဒီယာသည် ကောင်စီ၏ ညွှန်ကြားချက်ကို လိုက်နာလေ့ရှိ သည်။ အကြောင်းမှာ ပြည်သူများ စာနယ်ဇင်းကောင်စီကြောင့် စိတ်ပျက်ကာ အစိုးရကို ပြစ်ဒဏ်ပေးခိုင်းလျှင် ဒီမိုကရေစီအတွက် ပိုမိုဆိုးဝါးသွားဖွယ်ရှိကြောင်း ပုံနှိပ်မီဒီယာ များက သဘောပေါက်သောကြောင့်ဖြစ်သည်။

# သတင်းထောက်များကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း

## Regulating journalists

**ARTICLE 19 is regularly asked whether the government or another organisation should regulate journalists. This beginners' guide looks at regulation from a human rights viewpoint and in particular the right to freedom of expression.**

သတင်းထောက်များကို အစိုးရ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက စည်းမျဉ်းဖြင့် ထိန်းချုပ်သင့်လား ဆိုတဲ့မေးခွန်း အာတီကယ် ၁၉ ကို မကြာခဏ မေးလေ့ရှိပါတယ်။ ဤအခြေခံအဆင့် လမ်းညွှန်တွင် စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်းကို လူ့အခွင့်အရေးနှင့် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အမြင်မှ တင်ပြထားသည်။

### Are human rights important when regulating journalists?

Yes. Journalists are vital for democracies to work and are often called either the fourth pillar of democracy (after the executive, legislature and judiciary) or the people's watchdog.

As such, journalists must be free to write what they think is important. They use their right to freedom of expression to make democracy work, and this right, which is for everyone, is guaranteed in international human rights law in the Universal Declaration of Human Rights and the International Covenant on Civil and Political Rights, collectively known as the international bill of human rights, and which emerged from the horrors of World War II.

International human rights law has become so important that all governments are required to respect, protect and fulfil the right to freedom of expression within each country.

Regulation of journalists can be a problem because it interferes with the right to freedom of expression. ARTICLE 19 exists to point out what regulation is okay and suitable in a democracy and what regulation is not. We do not guess - we look at and compare with the human rights standards that have developed internationally over several decades.

International human rights standards say that regulation of journalists must be:

1. Written in law (not arbitrary)
2. Have a legitimate aim (these aims are listed in international law as the rights or reputations of others, national security, public order, public health and morals)
3. Absolutely necessary to achieve the above aim (necessary in a democracy, and done in a proportionate way).

This is known as the three-part test and comes from the International Covenant on Civil and Political Rights.

## သတင်းထောက်များကို စည်းမျဉ်းဖြင့် ထိန်းချုပ်ရာတွင် လူ့အခွင့်အရေး အရေးကြီးသလား။

အရေးကြီးပါသည်။ ဒီမိုကရေစီ ဖွံ့ဖြိုးရှင်သန်ဖို့ သတင်းထော်တွေဟာ အရေးကြီးပါသည်။ သူတို့ကို ဒီမိုကရေစီ၏ စတုတ္ထမဏ္ဍိုင်နှင့် လူထုအကျိုးစီးပွားကာကွယ်ရန် စောင့်ကြည့်သူ များအဖြစ်လည်း အသိအမှတ်ပြုထားကြသည်။

ထို့ကြောင့် သတင်းထောက်များအား သူတို့အရေးကြီးသည်ဟု ထင်သောကြောင်းအရာများ ကို ရေးသားခွင့်ပြုရမည်။ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရန် သူတို့ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို ကျင့်သုံးခြင်းဖြစ်သည်။ ဤ အခွင့်အရေးသည် လူတိုင်းအတွက်ဖြစ်ပြီး၊ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းနှင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များတွင် အာမခံချက်ပေးထားသည်။ ၎င်းအခွင့်အရေးသည် ခြောက်ခြားဖွယ် ဒုတိယကမ္ဘာစစ်ဖြစ် ရပ်မှ ပေါ်ထွက်လာပြီး တစ်စုတစ်စည်းတည်းအဖြစ် အခြေခံနိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အဖြစ်လည်း သိထားကြသည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေသည် အလွန်အရေးကြီးသောကြောင့် နိုင်ငံတစ်ခုချင်းစီရှိ အစိုးရတိုင်းသည် လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို ကျင့်သုံးနိုင်ရန် ဖော်ဆောင်ပေးဖို့လိုသည်။

သတင်းထောက်များကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆို ခွင့်ကို ထိခိုက်ပါက မကောင်းပါ။ ဒီမိုကရေစီအတွက် မည်သို့ သောစည်းမျဉ်းသည် သင့်တော်ပြီး၊ မည်ကဲ့သို့သောအခွင့်အရေးသည် မသင့်လျော်ကြောင်း အာတီကယ် ၁၉ က ထောက်ပြသည်။ ခန့်မှန်း၍ ပြောဆိုခြင်းမဟုတ်ပါ။ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတကာတွင်  ဖြစ်ထွန်းတိုးတက်လာသော လူ့အခွင့်အရေးစံနှုန်းကို ကြည့်၍ နှိုင်းယှဉ်တင်ပြထားခြင်း ဖြစ်သည်။

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းအရ သတင်းထောက်များဆိုင်ရာ စည်းမျဉ်းသည်

၁။ ဥပဒေတွင် ရေးသားထားရမည်။ ( အလျင်းသင့်သလို မတရားလုပ်ဆောင်ခြင်း မဖြစ်စေရ)

၂။ တရားဝင် ဦးတည်ချက်ရှိရမည် ( ထိုဦးတည်ချက်များကို အခြားသူ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာ၊ အမျိုးသားလုံခြုံရေး၊ လူထုလုံခြုံရေး၊ လူထုကျန်းမာရေးနှင့် ကိုယ်ကျင့်တရား များအဖြစ် နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသည်)

၃။၎င်းဦးတည်ချက်များကို ရရှိရန် လုံးဝ လိုအပ်သည့်အခြေအနေတွင် ( ဒီမိုကရေစီအတွက် လိုအပ်ခြင်း နှင့် သင့်တော်စွာ လုပ်ဆောင်ခြင်း) ဖြစ်ရမည်။

၎င်းတို့သည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်မှ ပေါက်ဖွား လာခြင်းဖြစ်ပြီး အဆင့်သုံးဆင့် လိုအပ်ချက်အဖြစ်သိထားကြသည်။

## What type of regulation of journalists is appropriate?

In our experience there are three models that have been used to regulate journalists:

1. Statutory regulation: a government makes laws to regulate journalism and creates a statutory body with the power to implement the laws and rule on when those laws are broken.
2. Self-regulation: a group of journalists or their representatives (such as unions) make rules and ask others to voluntarily accept them, which can sometimes also include a body to oversee rule breaking
3. Co-regulation: a combination of the two above.

In 25 years of working on this question, ARTICLE 19 has found statutory regulation to be the worst, as governments do not understand the work of journalists and will always try to censor and restrict them.

If journalists are to be regulated, it is always better for them to decide and do it themselves, even if they decide that they need help from the state to protect and enforce their rights.

International courts and other organisations agree – they recognise that as well as being better for democracy, such self-regulation helps to create strong systems of values and principles among journalists, and contributes to public order overall. They do however point out that even self-regulation bodies need to respect, protect and fulfil the right to freedom of expression.

## အရေးကြီးပါသည်။ ဒီမိုကရေစီ ဖွံ့ဖြိုးရှင်သန်ဖို့ သတင်းထောက်တွေဟာ အရေးကြီးပါသည်။

သူတို့ကို ဒီမိုကရေစီ၏ စတုတ္ထမဏ္ဍိုင်နှင့် လူထုအကျိုးစီးပွားကာကွယ်ရန် စောင့်ကြည့်သူများအဖြစ်လည်း အသိအမှတ်ပြုထားကြသည်။

- ဥပဒေအရပြဋ္ဌာန်းထားသော စည်းမျဉ်း။ ။အစိုးရမှ သတင်းထောက်များကို စည်းမျဉ်းဖြင့် ထိန်းချုပ်ရန် ဥပဒေပြဋ္ဌာန်းပြီး၊ ၎င်းဥပဒေကို အကောင်ထည်ဖော် ဆောင်ရွက်ရန်နှင့် ချိုးဖောက်လျှင် အရေးယူဆောင်ရွက်နိုင်ရန် အဖွဲ့အစည်း တစ်ခုကိုဖွဲ့စည်းကာ အာဏာအပ်နှင်းထားခြင်း
- ကိုယ်တိုင် စည်းမျဉ်းချမှတ်၍ ထိန်းချုပ်ခြင်း။ ။သတင်းထောင်အဖွဲ့ သို့မဟုတ် သူတို့၏ ကိုယ်စားလှယ်များ( ဥပမာ သမဂ္ဂများ) စည်းမျဉ်းချမှတ်၍ အခြားသူများ ကိုလည်း သူတို့၏ဆန္ဒအရ စည်းမျဉ်းကို လက်ခံစေခြင်း၊ တစ်ခါတစ်ရံ စည်းမျဉ်းကို ချိုးဖောက်ပါက ကြည့်ကြပ်ရန် အဖွဲ့တစ်ဖွဲ့လည်း ပါဝင်တတ်သည်။
- ပူးတွဲစည်းမျဉ်းချမှတ်ခြင်း။ ။အထက်ဖော်ပြပါ ပုံစံ နှစ်ခုကို ပေါင်းစပ်ကျင့်သုံး ခြင်း

ဤမေးခွန်းနှင့် ပတ်သက်၍ ၂၅နှစ်တာ လုပ်ငန်းအတွေ့အကြုံအရ၊ အစိုးရဥပဒေပြု၍ ပြဋ္ဌာန်းသောစည်းမျဉ်းသည် အဆိုးဆုံးဖြစ်သည်။ အကြောင်းမှာ အစိုးရများသည် သတင်း

ထောက်များ၏ လုပ်ငန်းကို နည်းမလည်ပဲ၊ ဆင်ဆာဖြတ်ခြင်းနှင့် ကန့်သတ်ချက် များလဲ ဆက်လုပ်ကြမည်ဖြစ်သည်။

သတင်းထောက်များကို စည်းမျဉ်းဖြင့်ထိန်းချုပ်မည်ဆိုလျှင် သူတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် လိုက်နာမှုရှိရန် နိုင်ငံတော်၏ အကူအညီလိုသော်လည်း သူတို့၏ စည်းမျဉ်းကို သူတို့ကိုယ်တိုင်ဆုံးဖြတ်ချမှတ်စေသင့်သည်။

ကိုယ်တိုင်စည်းမျဉ်းချမှတ်ခြင်းသည် ဒီမိုကရေစီအတွက် ပိုမိုကောင်းမွန်ခြင်း၊ သတင်း ထောက်များကြားတန်ဖိုးနှင့် စည်းကမ်းခိုင်မာစေသောစနစ် ဖြစ်ပေါ်လာစေခြင်း၊ လူထု တည်ငြိမ်ရေးအတွက် ယေဘုယျအားဖြင့် ကောင်းမွန်ကြောင်း နိုင်ငံတကာဆိုင်ရာ တရားရုံးများနှင့် အခြားသောအဖွဲ့အစည်းများက သဘောတူကြသည်။ သို့သော် ကိုယ့်ကိုယ်ကို စည်းမျဉ်းချမှတ်ယူသည့် တာဝန်ခံအဖွဲ့အနေဖြင့်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို လေးစားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျင့်သုံးနိုင်ရန် ဖော်ဆောင်ပေးဖို့ လိုကြောင်း သူတို့ ထောက်ပြကြသည်။

## Does the state have any role in the regulation of journalists?

Many professions such as doctors or engineers are regulated by the state, and those professionals have rights and duties written in law. However, most professions are not regulated by the state – a baker or bus driver for example can work as long as they have the skills to do so.

Journalists are regulated in some countries due to that country's particular history. In ARTICLE 19's experience however, the less democratic a country, the more likely it is to have a system of statutory regulation so that the government can control what people see and read.

Regulation is however acceptable to a certain extent. For example, most people would agree that a legal right for journalists to protect their sources helps such sources come forward with information in the public interest that they would not disclose if they knew they could be named. On the other hand, laws that require journalists to get permission or a licence in order to work cannot be justified in a democracy. The right to freedom of expression – including via the media – is for everyone, not just those who the government permits to do so.

The golden rule is that too much regulation of journalists is always bad, whether made by democratic governments or by dictators. Journalists can only be the people's watchdog if they can work with as little state control as possible.

## သတင်းထောက်များအား စည်းမျဉ်းနှင့် ထိန်းချုပ်ရန်အတွက် နိုင်ငံတော်ရဲ့ အခန်းကဏ္ဍက ဘာလဲ။

ဆရာဝန်  သို့မဟုတ် အင်ဂျင်နီယာဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစိုးရ မှ စည်းမျဉ်းချမှတ်ထိန်းချုပ်ပြီး၊ သူတို့၏

အခွင့်အရေးနှင့် တာဝန်များကို ဥပဒေတွင် ရေးသားဖော်ပြထားသည်။ သို့သော် မှန့်ဖုတ်သူ သို့မဟုတ် ဘတ်စ်ကား မောင်းသူ ကဲ့သို့သော  အများစု အသက်မွေးဝမ်းကျောင်းများကို နိုင်ငံတော်မှ စည်းမျဉ်းဖြင့် ထိန်းချုပ်ထားခြင်းမရှိပါ။ ဥပမာ သူတို့တွင် လုပ်ငန်းလုပ်ရန် ကျွမ်းကျင်မှုအတတ်ပညာ ရှိနေသမျှ ကာလပတ်လုံး အလုပ်လုပ်နေနိုင်သည်။

အချို့နိုင်ငံများတွင် ၎င်း၏ ဖြတ်သန်းမှု သမိုင်းကြောင်းကြောင့် စည်းကမ်း၊ စည်းမျဉ်းဖြင့် ထိန်းချုပ်ထားသည်။ အာတီကယ် ၁၉၏ အတွေ့အကြုံအရ အစိုးရက လူထု၏အမြင်နှင့် စာပေဖတ်ရှု့ခွင့်ကို ထိန်းချုပ်နိုင်ရန်အတွက် ဒီမိုကရေစီ အနည်းဆုံးနိုင်ငံတွင် အစိုးရမှ ပြုလုပ်သော ဥပဒေအရ စည်းမျဉ်းပြဋ္ဌာန်းသည့်စနစ်ကို ကျင့်သုံးသည့်အလားအလာ ပိုမို များပြားသည်။

သို့သော် စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်းကို အတိုင်းအတာ တစ်ခုထိ လက်ခံနိုင်သည်။ ဥပမာ သတင်းထောက်များ၏ သူတို့သတင်းရရှိရာ အရင်းအမြစ်ကို ကာကွယ်ရန် ဥပဒေတွင် ပြဋ္ဌာန်းထားသော အခွင့်အရေးရှိသင့်သည်ဆိုသည့် အချက်ကို ငြင်းဆိုကြမည် မဟုတ်ပါ။ ထိုအခွင့်အရေးရှိမှသာ လူထုအကျိုးစီးပွားအတွက် သတင်းများထွက်ပေါ်လာနိုင်ပြီး၊ ထိုသို့ မဟုတ်ပဲ သတင်းပေးသူ၏ အမည်ကို ဖော်ထုတ်မည့်အကြောင်း သိထားပါက သတင်းများ ကို ထုတ်ဖော်ရဲကြမည် မဟုတ်ပါ။ အခြားတစ်ဖက်တွင် ဒီမိုကရေစီစနစ်၌ သတင်းထောက် များ အလုပ်လုပ်ရန် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူရမည်ဆိုသည့် အချက်သည် လက်သင့်ခံနိုင်သည့်အရာ မဟုတ်ပါ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် မီဒီယာ အပါအဝင် လူတိုင်းအတွက်ဖြစ်သည်။ အစိုးရမှ ခွင့်ပြုချက်ပေးသူများသာ ရရှိသင့်သည့် အရမဟုတ်ပါ။

အရေးကြီးဆုံးသော စည်းမျဉ်းမှာ အာနာရှင်ဖြစ်ဖြစ် ဒီမိုကရေစီအစိုးရဖြစ်ဖြစ် သတင်းထောက်များအပေါ် စည်းမျဉ်း တင်းကြပ်လွန်းလျှင် မကောင်းပါ။ သူတို့အပေါ် ထိန်းချုပ်မှုအနည်းဆုံးဖြစ်မှသာလျှင် သတင်းထောက်များသည် လူထုအကျိုးစီးပွားအတွက် စောင့်ကြည့်သူများ ဖြစ်နိုင်ပေမည်။

## So what can be regulated?

Regulation must be strictly necessary, should aim to protect journalists, and should help them do their job, which in our experience only includes:

1. The guarantee for free access to government-held information
2. Protection of journalists' sources, including protection against searches and seizures of documents and premises
3. Protection of the rights and obligations of journalists, including the freedom of association
4. Laws enabling them to perform their profession.

Self-regulation can set professional and ethical standards, and help to ensure they are used.

## ဘယ်လို စည်းမျဉ်းတွေ ချမှတ်သင့်သလဲ။

စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်းသည် လုံးဝ လိုအပ်မှသာ ပြုလုပ်ရမည်ဖြစ်ပြီး၊ သတင်းထောက်များကို ကာကွယ်ရန်နှင့် သူတို့၏ လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ကူညီပေးရမည်။ မိမိတို့၏ အတွေ့အကြုံအရ ပါဝင်သင့်သည့် အချက်များမှာ -

၁။ အစိုးရထိန်းသိမ်းထားသော သတင်းအချက်အလက်များကို ရယူနိုင်ခွင့် အာမခံချက်ရှိခြင်း

၂။ သတင်းထောက်များ၏ စာရွက်စာတမ်းများနှင့် မြေအိမ်ကို သိမ်းဆီးခြင်း၊ ရှာဖွေစစ်ဆေးခြင်း အပါအဝင် သတင်းရရှိရာ အရင်းအမြစ်များကို ကာကွယ်မှု ပေးခြင်း

၃။ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်အပါအဝင် သတင်းထောက်များ၏ အခွင့်အရေးနှင့် ဝတ္တရားကို အကာအကွယ်ပေးခြင်း

၄။ ဥပဒေက သူတို့၏ လုပ်ငန်းများလုပ်ဆောင်ရန် ကူညီပေးခြင်း ကိုယ့်ကိုယ်ကို စည်းမျဉ်းချမှတ်ခြင်းဖြင့် သူတို့၏ အတတ်ပညာဆိုင်ရာနှင့် ကျင့်ဝတ်စံနှုန်းကို ပြဋ္ဌာန်းနိုင်ပြီး၊ ၎င်းကို အသုံးပြုမှု ရှိအောင် လုပ်ဆောင်နိုင် စေသည်။

## Who should be regarded as a journalist?

In international law, everyone has the right to freedom of expression, and therefore each person can easily be regarded as a journalist once they regularly collect and share information, ideas or opinions.

Debating whether someone is or is not a journalist only happens when laws refer to journalists in particular. As journalists should not be regulated, any law that only applies to them is usually a problem for the right to freedom of expression and is best avoided. The only times that journalists should have laws specific to them is to protect their sources and give them the right to collect information about someone without their consent.

## ဘယ်သူ့ကို သတင်းထောက်အဖြစ် သတ်မှတ်သင့်သလဲ။

နိုင်ငံတကာ ဥပဒေအရ လူတိုင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ ထို့ကြောင့် သတင်းအချက်အလက်များ၊ သဘောတရားပိုင်းဆိုင်ရာနှင့် ထင်မြင်ချက်များကို ပုံမှန် စုစည်းတင်ပြသူများကို သတင်းထောက်အဖြစ် အလွယ်တကူ အသိအမှတ်ပြုနိုင် ပါသည်။

ဥပဒေအရ ဘယ်သူက သတင်းထောက်ဖြစ်ကြောင်း အတိအကျရည်ညွှန်းမှသာ ဘယ်သူက သတင်းထောက်ဖြစ်တယ် မဖြစ်ဘူးဆိုတဲ့ ဆွေးနွေးငြင်းခုန်မှု ဖြစ်လာနိုင်ပါ တယ်။ သတင်းထောက်တွေကို စည်းမျဉ်းနှင့် မထိန်းချုပ်သင့်တဲ့အတွက်၊ သူတို့အပေါ် မှာသာ သက်ရောက်မှုရှိတဲ့ ဥပဒေဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေပြီး၊

၎င်းကို ရှောင်ရှားလျှင် အကောင်းဆုံးဖြစ်သည်။ သတင်းရရှိရာ အရင်းအမြစ်ကို ကာကွယ်ရန်နှင့် သတင်းထောက်တွေကို တစ်စုံတစ်ဦးရဲ့ သဘောတူညီချက်မပါဘဲ သတင်း အချက်အလက်များကို ရယူခွင့်ပေးဖို့ကိစ္စတွေမှာသာ သတင်းထောက်များအတွက် စည်းမျဉ်းလိုအပ်သည်။

## Should journalists be licenced or need permission to work?

No. Some countries require people to get permission – for example a licence, permit or registration - to work as a journalist. However, licencing violates the three-part test in international law because it does not have a legitimate aim and is not strictly necessary.

Some states try to justify licencing as necessary to ensure public order. In practice, however, licencing is usually used to stop journalists with dissenting views from working. It undermines public order because people will not have access to a full range of different views and opinions. As such, licencing is almost unheard of in established democracies.

Other states justify licencing by arguing that doctors and lawyers are licenced too. But journalism is protected in international law as a human right that can be used by everyone – not just those people that the state has licenced – which does not apply to doctors or lawyers.

## သတင်းထောက်များ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူဖို့ လိုအပ်သလား။

မလိုအပ်ပါ။ တစ်ချို့နိုင်ငံတွေမှာ သတင်းထောက်တစ်ယောက်အဖြစ် အလုပ်လုပ်ဖို့အတွက် ခွင့်ပြုချက် ( ဥပမာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် နာမည်စရင်းတင်သွင်းခြင်း) လိုပါသည်။ သို့သော် လိုင်စင်ဖြင့် ခွင့်ပြုချက်ပေးခြင်းသည် နိုင်ငံတကာဥပဒေ၏ အဆင့် သုံးဆင့် လိုအပ်ချက်ကို ချိုးဖောက်ရာရောက်သည်။ အကြောင်းမှာ ထိုသို့ လုပ်ဆောင်ရန် လုံးဝလိုအပ်သည်ဟု မဆိုနိုင်သည့်ပြင် တရားဝင် လက်ခံနိုင်သည့် ဦးတည်ချက်မရှိပါ။

လူထုတည်ငြိမ်မှုအတွက် လိုင်စင်ပြဋ္ဌာန်းဖို့လိုအပ်သည်ဟု နိုင်ငံအချို့က ကြောင်းပြကြ သည်။ သို့သော် လက်တွေ့တွင် လိုင်စင်ပြဋ္ဌာန်းခြင်းကို အသုံးချ၍ အမြင်မတူသော သတင်းထောက်များကို တားဆီးခြင်းသာ လုပ်လေ့ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် လူထုတည်ငြိမ်မှုကို ထိခိုက်စေခြင်းသာဖြစ်ပြီး၊ အမျိုးမျိုးသောအမြင်နှင့် ထင်မြင်ချက်များ ကို လူထုက သိရှိနိုင်တော့မည် မဟုတ်ပါ။ ထို့ကြောင့် အခြေတည်သော ဒီမိုကရေစီတွင် လိုစင်ပြဋ္ဌာန်းခြင်း မရှိသလောက်ဖြစ်သည်။

ရှေ့နေနှင့် ဆရာဝန်များပင် လိုင်စင်လိုအပ်သောကြောင့် လိုင်စည်ပြဋ္ဌာန်းခြင်းသည် သင့်တော်ကြောင်း တစ်ချို့နိုင်ငံများက စောဒကတက်ကြသည်။ သို့သော် နိုင်ငံတကာ ဥပဒေတွင် နိုင်ငံတော်မှလိုင်စင်ရထားသူများသာမကာ စာနယ်ဇင်းလုပ်ငန်းကို လူတိုင်းအသုံးပြုနိုင်သည့် လူ့အခွင့်အရေးအဖြစ် အကာအကွယ်ပေးထားသည်။ ၎င်းသည်

ရှေ့နေနှင့် ဆရာဝန်များအတွက် အကျုံးမဝင်ပေ။

## Are there other requirements for journalists that are inappropriate?

Some states require journalists to be above a certain age, to have a degree, or a clean criminal record. These requirements also violate international law as they restrict those people that can use their right to freedom of expression via the media – a right that belongs to all.

The practicalities of using entry requirements to ensure quality journalism is questionable as they prevent, for example, young people from developing their research and writing skills, or drive out competent journalists with no degree in favour of unskilled academics.

## သတင်းထောက်ဖြစ်ရန်အတွက် မသင့်တော်သော အခြားစံသတ်မှတ်ချက် ရှိသလား။

နိုင်ငံတစ်ချို့တွင် သတင်းထောက်ဖြစ်ရန်အတွက် အသက်သတ်မှတ်ထားခြင်း၊ ဘွဲ့တစ်ခု ရရှိရန်လိုအပ်ခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ခဲ့သည့် သမိုင်းကင်းရှင်းရန် လိုအပ်သည်။ ဤ လိုအပ်ချက်သည် မီဒီယာမှတစ်ဆင့် အများပြည်သူ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်(လူတိုင်းပိုင်ဆိုင်သော အခွင့်အရေး) ကို ကန့်သတ်ခြင်းဖြစ်သောကြောင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်သည်။

စာနယ်ဇင်းအရည်အသွေးအတွက် လိုအပ်သော စံသတ်မှတ်ချက်ကို ကျင့်သုံးခြင်းသည် မေးခွန်းမေးစရာဖြစ်သည်။ အကြောင်းမှာ ဥပမာ စံသတ်မှတ်ချက်သည် လူငယ်များ သူတို့၏ စာရေးစွမ်းရည်၊ သုတေသနပြုမှုစွမ်းရည်များ တိုးတက်လာရန် လေ့ကျင့်ခြင်းကို ဟန့်တားရာရောက်ပြီး၊ ဘွဲ့ရပညာတတ်ဖြစ်သော်လဲ ကျွမ်းကျင်မှုမရှိသောသူများကိုသာ ဦးစားပေးခြင်းသည် အရည်အသွေးရှိသော်လည်း ဘွဲ့ဒီဂရီမရှိသော သတင်းထောက် များကို ဘေးဖယ်လိုက်ရာရောက်သည်။

## Can journalists be barred from practicing?

No. Some states have laws that can permanently or temporarily ban journalists from working, but this is in effect a form of licencing and therefore violates international law.

## သတင်းထောက်များကို အလုပ်လုပ်ခွင့် တားမြစ်သင့်ပါသလား။

မတားမြစ်သင့်ပါ။ တစ်ချို့နိုင်ငံများတွင် သတင်းထောက်များကို ထာဝရ သို့မဟုတ် ခဏတာ အလုပ်လုပ်ခွင့်တားမြစ်သည့် ဥပဒေရှိသည်။ သို့သော် ၎င်းလုပ်ရပ်သည် လိုင်စင်ပြဌာန်းခြင်းကြောင့်ဖြစ်လာမည့် အကျိုးဆက်နှင့် တူသည်။ ထို့ကြောင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်သည်။

## What rights are important for journalists?

Right to freedom of association: Journalists are often barred from working unless they join a professional organisation. Some states argue that this is to protect journalistic quality and general welfare, but these could be protected without the need for in effect licencing, which violates international law. Similarly, laws that bar journalists from creating or joining professional organisations also violate international law. Such organisations help to improve the conditions for journalists and raise professional and ethical standards.

Right to accreditation: Journalists need to be able to gather and report news and sometimes need greater access to government buildings or attend public meetings. Accreditation schemes such as press cards can be necessary to ensure access, but can also be abused by governments trying to bar dissenting journalists by refusing them accreditation. In international law, accreditation must be:

1. administered by a body which is independent from the government and follows a transparent procedure;
2. based on specific, non-discriminatory, and reasonable criteria published in advance;
3. only applied to the extent justifiable by genuine space constraints; and
4. not withdrawn based on the work of the journalist or media outlet concerned.

Right to protection for sources of information: People – particularly whistleblowers – often only share information with journalists if they can do so anonymously. The public would be deprived of information in the public interest without protection for such anonymity. Protection in law of the right of journalists to protect their sources is therefore vital, and should follow international standards:

- Journalists should only be ordered to identify a source if there is an overriding requirement in the public interest, and the circumstances make it vital
- Disclosure should be balance against the harm caused to the right to freedom of expression
- Disclosure should only be ordered at the request of an individual or body with a direct, legitimate interest, who has demonstrably exhausted all reasonable alternative measures to protect that interest
- The power to order disclosure of a source's identity should be exercised exclusively by courts of law.

Right to protection with respect to search and seizure of journalistic materials: To make sure that sources are fully protected, journalists need stronger immunity against police carrying out searches or seizure in an attempt to circumvent laws that protect sources. International law says that:

- Search warrants should only be issued

by a judge, who must balance the importance of the search against the importance of preventing harm to the right to gather news

- No warrants should be issued if the same goal can be achieved in a way less detrimental to freedom of expression
- No warrants should be issued for the seizure of material covered by the protection of sources, except in very exceptional circumstances
- The police must be accompanied on their search by a judge or prosecutor.

The right of protection against violence: Journalists are often victim to violence from threats to attacks aimed at silencing them. States must investigate carefully so as not to tacitly approve of the violation of journalists' rights. They should also investigate the possibility that the violence was the result of something the journalist reported. International standards require investigations to be started and concluded in a reasonable time, estimated by: a) the complexity of the matter; b) the judicial activity of the interested party; and c) the behaviour of the judicial authorities.

## သတင်းထောက်များအတွက် ဘယ်လိုအခွင့်အရေးဟာ အရေးကြီးပါသလဲ။

အသင်းအပင်းဖွဲ့စည်းခွင့်။ ။ သတင်းထောက်များသည် အတတ်ပညာရှင်များဆိုင်ရာ အဖွဲ့အစည်းတွင်း မဝင်ထားပါက တားမြစ်ခြင်းခံရလေ့ရှိသည်။ အစိုးရတစ်ချို့က ထိုသို့ လုပ်ခြင်းသည် စာနယ်ဇင်းအရည်အသွေးနှင့် ယေဘုယျကောင်းကျိုးအတွက် ဖြစ်ကြောင်း ဆိုကြသည်။ သို့သော် ၎င်း အကျိုးအတွက် နိုင်ငံတကာဥပဒေကို ချိုးဖောက်စေသည့် လိုင်စင်ပြဌာန်းစရာမလိုပဲ ကာကွယ်ပေးနိုင်ပါသည်။ ထို့အတူ သတင်းထောက်များကို အတတ်ပညာရှင်များ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်းကို တားမြစ်သည့် ဥပဒေသည်လည်း နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ ထိုသို့သော အဖွဲ့အစည်းသည် သတင်းထောက်များ၏ အခြေအနေကို တိုးမြင့်စေပြီး၊ လုပ်ငန်းပိုင်းနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အဆင့်အတန်းကို မြင့်တင်စေသည်။

တရားဝင် အသိအမှတ်ပြုနိုင်သည့် အခွင့်အရေး။ ။သတင်းထောက်များသည် သတင်းများကို လိုက်နိုင်ခွင့်နှင့် တင်ပြနိုင်ခွင့်ရှိရန် လိုအပ်ပြီး၊ တစ်ခါတစ်ရံ အစိုးရ အဆောက်အဦးများ သို့မဟုတ် လူထုစည်းဝေးပွဲများ တက်ရောက်နိုင်ရန် လိုသည်။ ထိုကဲ့သို့သော နေရာများသို့သွားရောက်နိုင်ရန် စာနယ်ဇင်းကာဒ်ပြားကဲ့သို့သော တရားဝင် အသိအမှတ်ပြုသည့် စနစ်ကို အသုံးပြုနိုင်သည်။ သို့သော် တစ်ခါတစ်ရံ အစိုးရများသည် ထိုစနစ်ကို အသုံးပြု၍ မိမိနှင့် သဘောထားကွဲလွဲသော သတင်းထောက်များကို တရားဝင် အသိအမှတ်ပြုခြင်း ငြင်းပယ်ခြင်းဖြင့် တားဆီးတတ်ကြသည်။

နိုင်ငံတကာ ဥပဒေအရ တရားဝင်အသိအမှတ်ပြုခြင်းအခွင့်ကို

၁။ ပွင့်လင်းမြင်သာ၍ အစိုးရ၏ စိုးမိုးမှုကင်းသော အဖွဲ့အစည်းမှ စီမံကွပ်ကဲခြင်း

၂။ တိကျသော၊ ခွဲခြားမှုမရှိသော၊ ကြိုးကြောင်းဆီလျော်မှုရှိသော လိုအပ်ချက်တွင် အခြေခံ၍ ကြိုတင် ဖြန့်ဝေထားခြင်း

၃။ တစ်ကယ်လိုအပ်သော ကန့်သတ်ချက်ကိုသာ အတိုင်းအတာတစ်ခုထိ ခြွင်းချက်အဖြစ် ထားခြင်း

၄။  မီဒီယာ အရင်းအမြစ် သို့မဟုတ် သတင်းထောက်၏ လုပ်ကိုင်ဆောင်ရွက်မှုအပေါ်သာ အခြေခံ၍ ၎င်းအခွင့်အရေးကို ရုပ်သိမ်းမှု မပြုလုပ်ခြင်း

သတင်းရရှိရာ အရင်းအမြစ်ကို ကာကွယ်ခွင့်။

။ပြည်သူ (အထူးသဖြင့် လျှို့ဝှက်စွာ သတင်းပေးသူများ) သည် သူတို့၏ အမည်ဖော်ပြစရာမလိုမှသာ သတင်းထောက်များအား သတင်းအချက်အလက်များကို ပြောပြကြသည်။ ထိုကဲ့သို့ အမည်မဖော်လျှို့ဝှက်မှုကို အကာအကွယ်ပေးခြင်းမရှိပါက လူထုသည် သူတို့၏အကျိုးကိုထိခိုက်စေသည့် သတင်းအချက်အလက်များ သိရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သတင်းထောက်များ၏ သတင်းရရှိရာ အရင်းအမြစ်ကို ဥပဒေဖြင့် အကာအကွယ်ပေးခြင်းသည် အရေးကြီးသဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း လိုက်နာဆောင်ရွက်သင့်သည်။

- အခြေအနေအရ အလွန်အရေးကြီးသည့်အချိန်နှင့် လူထုအကျိုးစီးပွားကို ကာကွယ်ရန် ပို၍ အရေးကြီးသော အချိန်များတွင်သာ သတင်းထောက်များအား သူတို့၏ သတင်းရင်းမြစ်ကို ထုတ်ဖော်ခိုင်းသင့်သည်။
- သတင်းအရင်းအမြစ် ထုတ်ဖော်ပြောဆိုခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်ကို မထိခိုက်စေရန် မျှတစွာဆောင်ရွက်သင့်သည်။
- ထုတ်ဖော်ပြောဆိုမှုအတွက် အကျိုးစီးပွားကို ကာကွယ်ရန် အခြားသော နည်းလမ်း ဖြင့် အကြိုးသင့်အကြောင်းသင့် လုပ်ဆောင်၍ မဖြစ်နိုင်သည့် အချိန်မှသာ သတင်း ရင်းမြစ်ကို ထုတ်ဖော်ရန် သတင်းကြောင့် တိုက်ရိုက်သက်ဆိုင်၍ အကျိုး သက်ရောက် ခံရသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုက တောင်းဆိုနိုင်သည်။
- သတင်းရင်းမြစ် ထုတ်ဖော်ဖို့ ချမှတ်နိုင်သည့် အမိန့်အာဏာသည် တရားရုံးတွင်သာ အလုံးစုံ ရှိသင့်သည်။

စာနယ်ဇင်းဆိုင်ရာ ပစ္စည်းကရိယာများကို ရှာဖွေ သိမ်းဆည်းခြင်းမှ ကာကွယ်ခွင့် --သတင်းရင်းမြစ်ကို ကာကွယ်သည့် ဥပဒေကို ပါးနပ်စွာ ရှောင်ရှား၍ ရဲများက ရှာဖွေစစ်ဆေးကာ သိမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်ကိုပေးခြင်းဖြင့် သတင်းရင်းမြစ်ကို အပြည့်အဝ အကာအကွယ်ပေးအောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

- စစ်ဆေးရှာဖွေခြင်းသည် သတင်းစုံစမ်းခွင့်ကို တားဆီးခြင်းမဖြစ်စေရန် မျှတစွာ ဆုံးဖြတ်ရမည့် တရားသူကြီးသာလျှင် စစ်ဆေးရှာဖွေခွင့်ဝရမ်းစာကို ထုတ်ပေး သင့်သည်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို

ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် အခြား တစ်နည်းနည်းဖြင့် လုပ်ဆောင်ကာ ရှာဖွေစစ်ဆေးမှုပြုနိုင်ပါက ရှာဖွေစစ်ဆေးခွင့် ဝရမ်းစာကို မထုတ်ပြန်သင့်ပါ။

- ခြွင်းချက်အခြေအနေများမှလွဲ၍ သတင်းရင်းမြစ်ကိုကာကွယ်ထားသည့် ပစ္စည်း ကရိယာများကို သိမ်းဆီးရန် ဝရမ်း မထုတ်ပြန်သင့်ပါ။
- ရဲများ စစ်ဆေးရှာဖွေမှုလုပ်ပါက တရားသူကြီး သို့မဟုတ် အစိုးရရှေ့နေတစ်ဦး လိုက်ပါရမည်။

အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ခွင့်
- သတင်းထောက်များသည် ခြိမ်းခြောက်ခံရခြင်းနှင့် နှုတ်ဆိတ်သွားရန် အကြမ်းဖက်တိုက်ခိုက်ခံရတတ်သည်။ သတင်းထောက်များ၏ အခွင့်အရေးကို နှုတ်ဆိတ်နေခြင်းဖြင့် ထိုသို့သော တိုက်ခိုက်မှုကို ခွင့်မပြုမိရန် နိုင်ငံတော်မှ သေချာစွာ စုံစမ်းမှုပြုရမည်။ သတင်းထောက်တစ်ယောက်၏ သတင်းတင်ပြချက်ကြောင့် အကြမ်းဖက်မှု ဖြစ်လာခဲ့ခြင်းအကြောင်းဆက်စပ်မှု ရှိမရှိကိုလည်းစုံစမ်းရမည်။ နိုင်ငံတကာဥပဒေစံနှုန်းအရ စုံစမ်းစစ်ဆေးမည့် အချိန်အတိုင်းအတာသည် အကျိုးသင့် အကြောင်းသင့် ဖြစ်ရန်လိုသည်။ (က) အရေးကိစ္စတစ်ခု၏ ရှုပ်ထွေးနက်နဲမှု (ခ) စိတ်ဝင်စားသောအဖွဲ့၏ တရားရေးဆိုင်ရာ ဆောင်ရွက်မှုနှင့် (ဂ) တရားရေး အာဏာပိုင်များ၏ ပြုမှုဆောင်ရွက်မှုအပေါ် အခြေခံ၍ အချိန်ကို ခန့်မှန်းသတ်မှတ်သည်။

## What are the common problems with laws relating to journalists?

1. It violates international law and standards: Lawmakers often fail to check and implement international law into national law regulating journalists. States have obligations under international law to protect the right to freedom of expression.
2. It is too restrictive in scope: Laws regulating journalists can be both too narrow and too broad. If they are too narrow, they do not include all people involved in journalism, such as media workers. If they are too broad, they can apply unintentionally to for example bloggers or internet users.
3. It gives unnecessary privileges to journalists: Laws regulating journalists often give special status or certain privileges to journalists. For example, the state may be responsible for caring for the families of killed journalists, likening them to civil servants. Although this appears to be good, in international law everyone has the same rights and the state has a duty to protect everyone’s rights, not just a few.
4. It creates obligations for journalists: Some states have laws containing obligations and duties for journalists with disciplinary or administrative punishments if they fail to fulfil them. Such laws only prevent journalists from working independently from government and should be replaced by self-regulation.
5. It prohibits reporting on specific topics: Sometimes laws regulating journalists

ban their work on specific topics such as criticising a monarch or a senior official, or questioning historical facts or people. Such bans are clearly censorship and violate international law.

## သတင်းထောက်များနှင့် သက်ဆိုင်သည့် ဥပဒေများ၏ အဓိက ပြဿနာတွေက ဘာလဲ။

- ဥပဒေက နိုင်ငံတကာဥပဒေနှင့် စံနှုန်းကို ချိုးဖောက်ခြင်း- ဥပဒေပြုသူများသည် နိုင်ငံတကာဥပဒေကို သတင်းထောက်များအတွက် ချမှတ်သော ပြည်တွင်းစည်းမျဉ်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက် လေ့ရှိသည်။
- ဥပဒေ၏ နယ်ပယ်အတိုင်းအတာ ကန့်သတ်ချက်ကျဉ်းလွန်းခြင်း - သတင်းထောက်များဆိုင်ရာ စည်းမျဉ်းသည် ကျဉ်းမြောင်းလွန်းခြင်းနှင့် ကျယ်ပြန့်လွန်းခြင်း ဖြစ်တတ်သည်။ ကျဉ်းမြောင်းလွန်းပါက မီဒီယာလုပ်ငန်း လုပ်ဆောင်သူများအပါအဝင် သတင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများကို ချန်လှပ်ထားတတ်သည်။ သိပ်ကျယ်ပြန့်လွန်းပါက ၎င်းဥပဒေသည် မရည်ရွယ် ဘဲ အင်တာနက်အသုံးပြုသူများနှင့် ဘလော့ဒ်ရေးသူများပေါ် သွားတက် ရောက်နိုင်သည်။
- ဥပဒေက သတင်းထောက်များအား မလိုအပ်သော အခွင့်ထူးပေးခြင်း - သတင်းထောက်များဆိုင်ရာ ဥပဒေသည် ၎င်းတို့အား အခွင့်ထူး သို့မဟုတ် အထူးဂုဏ် ပေးအပ်လေ့ရှိသည်။ ဥပမာ အသတ်ခံရသော သတင်းထောက်များ ၏ မိသားစုဝင် များကို အစိုးရက တာဝန်ယူပေးခြင်းနှင့် အစိုးရဝန်ထမ်းများ အဖြစ် ဆက်ဆံခြင်း။ ဤသို့ လုပ်ဆောင်ချက်သည် ကောင်းသည်ဟု ထင်မှတ် စရာဖြစ်သော်လည်း နိုင်ငံတကာ ဥပဒေအရ လူတိုင်းတွင် အခွင့်အရေး အတူတူပင်ရှိသင့်သည်။ နိုင်ငံတော်အနေဖြင့် လူတစ်စုကိုသာ မဟုတ်ပဲ လူတိုင်းကို အကာအကွယ်ပေးရန် တာဝန်ရှိသည်။
- သတင်းထောက်များ၏ လိုက်နာရမည့် ဝတ္တရားဖန်တီးပေးခြင်း - အစိုးရအချို့သည် သတင်းထောက်များ လိုက်နာရန်ပျက်ကွက်ပါက  စည်းကမ်း အရ သို့မဟုတ် အုပ်ချုပ်ပိုင်းဆိုင်ရာအရ ပြစ်ဒဏ်များပါဝင်သည့် လိုက်နာရ သည့် ဝတ္တရားများ ဥပဒေ ပြဋ္ဌာန်းထားကြသည်။ ထိုသို့သော ဥပဒေများသည် သတင်းထောက်များ အစိုးရမှ လွတ်လပ်စွာ လုပ်ဆောင်နိုင်မှုကို ဟန့်တား စေပြီး၊ ကိုယ်ကိုယ်တိုင် ချမှတ်သော စည်းမျဉ်းဖြင့် အစားထိုးသင့်သည်။
- အကြောင်းအရာအချို့ကို တင်ပြရန် တားမြစ်ခြင်း - ပြည်သူနှင့် သမိုင်းဆိုင်ရာ အဖြစ်မှန်ကို မေးခွန်းထုတ်ခြင်း သို့မဟုတ် ဘုရင် သို့မဟုတ် ရာထူးမြင့် အစိုးရအရာရှိများကို မဝေဖန်ရန် သတင်းထောက်များအား ဥပဒေဖြင့် တားမြစ်ထားသည်။

# အင်တာနက်ကို စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း

## Regulating the internet

**ARTICLE 19 is regularly asked whether the government or another organisation should regulate the internet. This beginners' guide looks at regulation from a human rights viewpoint and in particular the right to freedom of expression.**

ရေဒီယို၊ ရုပ်မြင်သံကြားအပါအဝင် အင်တာနက်ကို အစိုးရ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက စည်းမျဉ်းဖြင့် ထိန်းချုပ်သင့်လားဆိုတဲ့မေးခွန်း အာတီကယ် ၁၉ ကို မကြာခဏ မေးလေ့ရှိပါတယ်။ ဤအခြေခံအဆင့်လမ်းညွှန်တွင် စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်းကို လူ့အခွင့်အရေးနှင့် အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အမြင်မှ တင်ပြထားသည်။

### Are human rights important when regulating the internet?

Yes. The internet is quickly becoming one of the largest sources of information and spaces for debate and as such is an example of the right to freedom of expression in practice.

Even though the internet is just a few years old, every day it becomes more and more vital for democracies to work by publishing a diverse range of voices with different opinions. The internet is also changing the way we think of and use the right to freedom of expression.

This right, which is for everyone, is guaranteed in international human rights law in the Universal Declaration of Human Rights and the International Covenant on Civil and Political Rights, collectively known as the international bill of human rights, and which emerged from the horrors of World War II.

International human rights law has become so important that all governments are required to respect, protect and fulfil the right to freedom of expression within each country.

Regulation of the internet can be a problem because it interferes with the right to freedom of expression. ARTICLE 19 exists to point out what regulation is okay and suitable in a democracy and what regulation is not. We do not guess - we look at and compare with the human rights standards that have developed internationally over several decades.

International human rights standards say that regulation of the internet must be:

1. Written in law (not arbitrary)
2. Have a legitimate aim (these aims are listed in international law as the rights or reputations of others, national security, public order, public health and morals)
3. Absolutely necessary to achieve the

above aim (necessary in a democracy, and done in a proportionate way).

This is known as the three-part test and comes from the International Covenant on Civil and Political Rights.

## အင်တာနက်ကို စည်းမျဉ်းဖြင့် ထိန်းချုပ်ရာတွင် လူ့အခွင့်အရေး အရေးကြီးသလား။

အရေးကြီးပါသည်။ အင်တာနက်သည် ဆွေးနွေးမှုများပြုလုပ်နိုင်သောနေရာနှင့် သတင်းအချက်အလက်များရရှိရာ အရင်းအမြစ်ကြီးတစ်ခုအဖြစ် လင်မြန်စွာ ဖြစ်လာနေပြီး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးမှု၏ သာဓကတစ်ခုဖြစ်ပါသည်။

အာတာနက်၏သက်တမ်းသည် နှစ်အနည်းငယ်သာရှိသေးသော်လည်း ဒီမိုကရေစီဖွံ့ဖြိုးမှုအတွက် အရေးကြီးကာ မတူကွဲပြားသောအမြင်နှင့် အသံများကို ထုတ်လွှင့်ဖြန့်ချီရာနေရာတစ်ခု ဖြစ်လာသောကြောင့် နေ့စဉ်နှင့်အမျှပိုမိုအရေးကြီးလာပါသည်။ အင်တာနက်သည် ကျနော်တို့၏ စဉ်းစားသည့် ပုံစံနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးမှုပုံစံကိုလည်း ပြောင်းလဲပေးနေသည်။

ဤ အခွင့်အရေးကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးကြေငြာစာတမ်းနှင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များတွင် အာမခံချက်ပေးထားသည်။ ၎င်းအခွင့်အရေးသည် ခြောက်ခြားဖွယ် ဒုတိယကမ္ဘာစစ်ဖြစ်ရပ်မှ ပေါ်ထွက်လာပြီး တစ်စုတစ်စည်းတည်းအဖြစ် အခြေခံနိုင်ငံတကာလူ့အခွင့်အရေးဥပဒေ အဖြစ်လည်း သိထားကြသည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေသည် အလွန်အရေးကြီးလာသဖြင့် နိုင်ငံတစ်ခုချင်းစီရှိ အစိုးရတိုင်း သည် လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင် ရန် ဖော်ဆောင်ပေးဖို့လိုသည်။

အင်တာနက်ကို စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်ပါက မကောင်းပါ။ ဒီမိုကရေစီအတွက် မည်သို့သောစည်းမျဉ်းသည် သင့်တော်ပြီး၊ မည်ကဲ့သို့သော အခွင့်အရေးသည် မသင့်လျော်ကြောင်း အာတီကယ် ၁၉ က ထောက်ပြထားသည်။ မိမိတို့ ခန့်မှန်းပြောဆိုခြင်းမလုပ်ပါ။ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတကာတွင် ဖြစ်ထွန်းတိုးတက်လာသော လူ့အခွင့်အရေးစံနှုန်းကို ကြည့်၍ နှိုင်းယှဉ်မှုပြုထားခြင်းဖြစ်သည်။

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းအရ အင်တာနက် စည်းမျဉ်းသည်
၁။ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းဖြစ်ရမည်။ ( အလျင်းသင့်သလို မတရားလုပ်ဆောင်ခြင်းမပြုရ)
၂။ တရားဝင် ဦးတည်ချက်ရှိရမည် ( ထိုဦးတည်ချက်များကို အခြားသူ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာ၊ အမျိုးသားလုံခြုံရေး၊ လူထုလုံခြုံရေး၊ လူထုကျန်းမာရေး နှင့် ကိုယ်ကျင့်တရား များအဖြစ် နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသည်)
၃။ ၎င်းဦးတည်ချက်များကို ရရှိရန် လုံးဝ

လိုအပ်သည့်အခြေအနေတွင်( ဒီမိုကရေစီအတွက် လိုအပ်ခြင်း နှင့် အချိုးညီစွာ လုပ်ဆောင်ခြင်း) ဖြစ်ရမည်။

၎င်းတို့သည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်မှ ပေါက်ဖွားလာခြင်းဖြစ်ပြီး အဆင့်သုံးဆင့် လိုအပ်ချက်အဖြစ်သိထားကြသည်။

## Should the internet be regulated?

No. Some governments argue that the internet needs regulating because it has become home to pirated films and extreme sexual imagery for example, or helps terrorists communicate with one another. But this argument ignores that each of these is already regulated by laws in most countries, regardless of whether they take place on the internet or elsewhere.

So the question becomes how current laws should be changed in order to cover new technologies that are changing the way people find and share information. It is also important not to use laws on internet users that were originally meant for broadcasters or the print media – an internet user for example should not be expected to use the code of standards developed for broadcasting.

It is also important to understand that the internet is everywhere, so the old idea of sovereignty where states control everything inside their borders no longer makes much sense.

Instead, new solutions are needed to stop governments from making laws that could intentionally or unintentionally threaten the right to freedom of expression. One solution could be to encourage self-regulation where groups come together and draw up codes of conduct, similar to how the print media should be self-regulated. Another solution is to control what appears on your own screen through ‘self-regulation at home’ software that filters out unsuitable content.

What other laws would undermine freedom of expression?

A number of things would violate international law on the right to freedom of expression, including:

- Wholesale bans of modems and other equipment that helps users access the internet
- Stopping or slowing access to all or part of the internet for everyone or for specific groups of people
- Forcing internet users - bloggers for example – to register with the state or get a licence
- Requiring internet service providers (ISPs) to get licences
- Indiscriminate monitoring or surveillance of internet users
- Banning anonymous communication over the internet, such as by forcing users to register their real names.

## အင်တာနက်ကို စည်းမျဉ်းဖြင့်

## ထိန်းချုပ်သင့်ပါသလား။

မထိန်းချုပ်သင့်ပါ။ အင်တာနက်တွင် မူပိုင်ခွင့်မရှိပဲ ရုပ်ရှင်ဇာတ်လမ်းများဖြန့်ချိခြင်း၊ အစွန်းရောက် လိင်ပိုင်းဆိုင်ရာရုပ်ပုံများဖြန့်ချိခြင်းနှင့် အကြမ်းဖက်သမားများ အချင်းချင်းကြား ဆက်သွယ်နိုင်ရန် အထောက်အကူဖြစ်စေခြင်းတို့ကြောင့် အင်တာနက်ကို စည်းမျဉ်းဖြင့် ထိန်းချုပ်သင့်ကြောင်း အစိုးရ တစ်ချို့က ဆိုသည်။ သို့သော် သူတို့၏အဆိုသည် မခိုင်လုံပါ။ အင်တာနက် သို့မဟုတ် အခြား တစ်နေရာရာတွင် ထိုသို့သောအဖြစ်များ ရှိနေသော်လည်း နိုင်ငံအများစုတွင် ထိုကိစ္စများအတွက် ဥပဒေဖြင့် ထိန်းချုပ်ထားပြီးဖြစ်သည်။

ထို့ကြောင့် လူတွေ သတင်းအချက်အလက်များကို ရှာဖွေခြင်းနှင့် ဖြန့်ချီသည့်ပုံစံကို ပြောင်းလဲစေတဲ့ နည်းပညာသစ်အပေါ် စိုးမိုးသက်ရောက်နိုင်ရန် လက်ရှိဥပဒေများကို မည်သို့ ပြောင်းလဲသင့်သလဲ ဆိုတာ မေးစရာမေးခွန်း ဖြစ်လာပါတယ်။ အသံလွှင့်သူများနှင့် ပုံနှိပ်မီဒီယာအတွက် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော ဥပဒေကို အင်တာနက်အသုံးပြုသူများအပေါ် မသက်ရောက်မိရန်လည်း အရေးကြီးသည့်အချက် တစ်ချက်ဖြစ်ပါသည်။ ရုပ်သံလွှင့်မှုဆိုင်ရာအတွက် ရေးဆွဲထားသော လိုက်နာရမည့် စည်းမျဉ်းစံနှုန်းသည် အင်တာနက်အသုံးပြုသူများနှင့်လည်းသက်ဆိုင်သည်ဟု မျှော်လင့်၍ မရပါ။

အင်တာနက်သည် နေရာတကာတွင် ရှိနေပြီးဖြစ်ကြောင်းကိုလည်း နားလည်ထားရန် အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်က ထိန်းချုပ်သည့် အချုပ်အခြာအာဏာသည် ၎င်း၏နယ်နမိတ်စည်းမျဉ်း အတွင်းရှိ အရာအားလုံးကို ထိန်းချုပ်သည်ဆိုသည့် အတွေးအခေါ်ဟောင်းသည် ရှေ့ဆက်၍ အဓိပ္ပါယ် မရှိနိုင် တော့ပါ။

၎င်းအစား အစိုးရများမှ ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်၍ဖြစ်စေ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ခြိမ်းခြောက်သည့် ဥပဒေများမပြဋ္ဌာန်းရန်အတွက် အဖြေသစ် လိုအပ်ပါသည်။ ဖြစ်နိုင်သည့် အဖြေ တစ်ခုမှာ ပုံနှိပ်မီဒီယာများ ကိုယ်တိုင်ချမှတ်သည့် စည်းမျဉ်းကဲ့သို့ ပုဂ္ဂိုလ်အဖွဲ့အစည်းများကိုအတူ တကွတွေ့ဆုံစေကာ လိုက်နာရမည့်စည်းမျဉ်းများကို ရေးဆွဲစေ၍ ကိုယ်တိုင်ချမှတ်သည့် စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်းစနစ်ကို အားပေးသင့်သည်။ အခြားဖြေရှင်းနိုင်သည့် နည်းလမ်းနောက်တစ်ခုမှာ မသင့်တော်သောအကြောင်းအရာများ ဖန်သားပြင်တွင်ပေါ်လာသောအခါ စစ်ဆေးဖယ်ရှားပေးသည့် "အိမ်တွင် ကိုယ်တိုင်ထိန်းချုပ်နိုင်သည့်" ပရိုဂရမ်ဖြင့် ထိန်းချုပ်ခြင်းဖြစ်သည်။

အခြားသော ဘယ်ဥပဒေတွေက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေသလဲ။

အောက်ပါအချက်များအပါအဝင် ပြဋ္ဌာန်းချက်အချို့သည် နိုင်ငံတကာဥပဒေဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်သည် -

- အင်တာနက်ကိုအသုံးပြုနိုင်စေသည့် ကွန်ပျူတာနှင့် တယ်လီဖုန်းကြိုးကို

ပေါင်းစပ်ပေးထား သော ကရိယာနှင့် အခြားကရိယာများကို အလုံးစုံပိတ်ပင်ခြင်း

- လူအုပ်စုတစ်စု သို့မဟုတ် အားလုံး၏ အင်တာနက်ကို အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း အရ နှေးကွေးသွားအောင်လုပ်ခြင်း သို့မဟုတ် ဖျတ်တောက်လိုက်ခြင်း
- အင်တာနက်အသုံးပြုသူများ( ဥပမာ ဘလော့ဒ်ရေးသူများ) အား အစိုးရထံသို့ အတင်းဖိအား ပေး၍ နာမည်စရင်းတင်သွင်းစေ ခိုင်းခြင်းနှင့် လိုင်စဉ်ယူခိုင်းခြင်း
- အင်တာနက်လိုင်းဖြန့်ဝေပေးသူများကို လိုင်စဉ်ယူခိုင်းခြင်း
- အင်တာနက်သုံးစွဲသူအားလုံးကို ခွဲခြားခြင်းမရှိပဲ စောင့်ကြည့်ခြင်း၊ အနီးကပ်ထောက်လှမ်းခြင်း
- အင်တာနက်သုံးစွဲသူများကို သူတို့၏ နာမည်မှန်ဖြင့် စရင်းတင်သွင်းရန် အတင်းစေခိုင်းခြင်းဖြင့်  အင်တာနက်တွင် နာမည်မဖော်ပဲ ဆက်သွယ်ဆောင်ရွက်ခြင်းကို တားမြစ်ခြင်း

## What should the state do to protect freedom of expression?

There are a number of things that states should do protect the right to freedom of expression on the internet. They should:

- Help everyone access the internet everywhere, for example by creating community-based internet services and public access computer centres, or by subsidising access to the internet for disadvantaged communities
- Tell people – particularly those in disadvantaged communities - what the internet is, how it can be used, and what benefits it will bring to people's lives
- Encourage 'universal service' by promoting people's access to quality technology at affordable prices everywhere, particularly in rural or remote communities
- Encourage 'network neutrality' by stopping telecommunications networks from slowing and interfering with certain types of internet traffic
- Help people with disabilities and disadvantaged communities to access the internet
- Investigate and prosecute crimes over the internet, such as child pornography.

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွ င့်ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်က ဘာတွေ လုပ်ဆောင် သင့်သလဲ။

အင်တာနက်ပေါ်က လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန်အစိုးရများ လုပ်ဆောင်ရမည့် အရာများရှိပါသည်။ အစိုးရသည်

- နေရာတိုင်းတွင် အင်တာနက်ကို လူတိုင်းသုံးစွဲနိုင်ရန်ကူညီပေးခြင်း၊ ဥပမာ လူထုအခြေပြု အင်တာနက်ဝန်ဆောင်မှုနှင့် အများပြည်သူ သွားရောက်သုံးစွဲနိုင်သည့် ကွန်ပျူတာစင်တာများ ဖွင့်ပေးခြင်း၊ သို့မဟုတ် ဆင်းရဲခြင်း၊ဒုက္ခိတဖြ

စ်ခြင်းကြောင့် ပုံမှန်အခွင့်အရေးဆုံးရှုံးသူများကို အင်တာနက်သုံးစွဲနိုင်ရန် ကူညီထောက်ပံ့ပေးခြင်း

- လူထုကို (အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်အခွင့်အရေးဆုံးရှုံးသူများကို) အင်တာနက်အကြောင်း၊ ၎င်းကို အသုံးပြုပုံပြုနည်း၊ လူတွေရဲ့ဘဝအတွက် ၎င်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ပြောပြသင့်သည်။
- နေရာတိုင်းတွင် အထူးသဖြင့် ကျေးရွာ သို့မဟုတ်  ဝေးလံခေါင်ဖျားသော ပြည်သူများအတွက် အရည်အသွေးမြင့်နည်းပညာကို တတ်နိုင်သောဈေးနှုန်းဖြင့် နေရာတိုင်းတွင်အသုံးပြုနိုင်ရန် ဆော်ဩမြင့်တင်ခြင်းဖြင့် "တစ်ကမ္ဘာလုံးဆိုင်ရာ ဝန်ဆောင်မှု" ကို အားပေးမြှင့်တင်ခြင်း
- အင်တာနက်လမ်းကြောင်း ပိတ်ဆို့မှုကြောင့် လျှပ်စစ်ဆက်သွယ်ရေးစနစ်ကွန်ယက် နေးကွေး သွားခြင်းနှင့် အနှောက်အယှက်မရှိစေရန် "အလယ်အလတ်ကွန်ယက်စနစ်"ကို အားပေးသင့် သည်။
- ဒုက္ခိတဖြစ်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်အခွင့်အရေးချို့တဲ့သည့် အသိုင်းအဝိုင်း အင်တာနက်အသုံးပြုနိုင်ရန် ကူညီပေးသင့်သည်။
- အင်တာနက်တွင် ခလေးငယ်များ၏လိင်ပိုင်းဆိုင်ရာ ပုံများဖြန့်ဝေခြင်းကဲ့သို့သော ပြစ်မှုများကို စုံစမ်း၍ အရေးယူခြင်းပြုလုပ်သင့်သည်။

## Should content on the internet be regulated?

Yes. Just as some expression can be regulated in the street – such as defamation or incitement to violence – the same expression should be regulated on the internet.

Any law that bans expression on the internet must follow the three-part in international law: the law must be unambiguously written, have a legitimate aim (the rights or reputations of others, national security, public order, public health and morals), and be absolutely necessary and proportionate to achieve the aim.

Vague laws always undermine the right to freedom of expression. A law would also always violate international law if it uses words like the following:

- Incitement to religious unrest
- Promoting division between religious believers or non-believers
- Defamation of religion
- Inciting violation
- Inciting subversion of state power
- Offences that damage public tranquillity

## အင်တာနက်တွင်ဖော်ပြသည့်အကြောင်းအရာများကို စည်းမျဉ်းဖြင့် ထိန်းချုပ်သင့်သလား။

ထိန်းချုပ်သင့်ပါသည်။ လမ်းမများတွင် ထုတ်ဖော်ပြောဆိုသော အချို့ကိစ္စများ (အသရေဖျက်မှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်ခြင်း) ကို စည်းမျဉ်းဖြင့် ထိန်းချုပ်သကဲ့သို့ အင်တာနက် ပေါ်တွင် ပြောဆိုရေးသားခြင်းများကိုလဲ စည်းမျဉ်းဖြင့် ထိန်းချုပ်သင့်ပါသည်။

အင်တာနက်ပေါ်တွင် ပြောဆိုရေးသားမှုကို တားမြစ်သော မည်သည့် ဥပဒေမဆို နိုင်ငံတကာဥပဒေ၏ အဆင့်သုံးဆင့်လိုအပ်ချက်များကို လိုက်နာရမည် - ဥပဒေကို ရှင်းလင်းစွာရေးသားထားရမည်၊ တရားဝင်ဦးတည်ချက်ရှိရမည် ( ထိုဦးတည်ချက်များကို အခြားသူ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခါ၊ အမျိုးသားလုံခြုံရေး၊ လူထုလုံခြုံရေး၊ လူထုကျန်းမာရေးနှင့် ကိုယ်ကျင့်တရားများအဖြစ် နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသည်)၊ ၎င်းဦးတည်ချက်များကို ရရှိရန် လုံး၀ လိုအပ်သည့် အခြေအနေတွင်( ဒီမိုကရေစီအတွက် လိုအပ်ခြင်းနှင့် အချိုးညီစွာလုပ်ဆောင်ခြင်း) ဖြစ်ရမည်။

တိကျရှင်းလင်းမှုမရှိသော ဥပဒေများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေသည်။ အောက်ပါ ကဲ့သို့သော စာသားများကို အသုံးပြုသော ဥပဒေသည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာ ရောက်သည်။

- ဘာသာရေးအဓိကရုဏ်းကို လှုံ့ဆော်ခြင်း
- ဘာသာရေးကိုးကွယ်သူများနှင့် မကိုးကွယ်သူများကြား ခွဲခြားမှုကို မြင့်တင်ပေးခြင်း
- ဘာသာရေးကို ဂုဏ်သိက္ခာကျဆင်းအောင်ပြု လုပ်ခြင်း
- ဆူပူအကြမ်းဖက်မှုကို လှုံ့ဆော်ခြင်း
- နိုင်ငံတော်အာဏာကို ဖြုတ်ချရန် လှုံ့ဆော်ခြင်း
- လူထု တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေသည့် လုပ်ဆောင်ချက်များ

## Should internet service providers (ISPs) be responsible for their users' content?

No. Internet service providers (ISPs), social media networks and website hosts should not be responsible for the content that their users make or send.

Some argue that ISPs, social media networks and website hosts are publishers and therefore should be responsible for what they publish. But nobody would hold a phone company responsible for what one of its customers said in a call. ISPs, social media networks and website hosts are more like phone companies than newspapers or television stations. As such, as long as they do not change a user's content, they should not be held responsible for it – the user should.

## အင်တာနက်ဝန်ဆောင်မှုပေးသူများသည် ၎င်းတို့၏ အင်တာနက်အသုံးပြုသူများ ပြောဆိုရေးသားသော အကြောင်းအရာများအတွက် တာဝန်ယူသင့်ပါသလား။

မယူသင့်ပါ။ အင်တာနက်ဝန်ဆောင်မှုပေးသူများ၊ အင်တာနက် လူမှုကွန်ယက်နှင့် အင်တာနက် စာမျက်နှာ ဖြန့်ဝေသူများသည် ၎င်းတို့၏ အင်တာနက်အသုံးပြုသူများ ပြုလုပ်သော အရာများ ဝေမျှ ကြသော အကြောင်းအရာများအတွက် တာဝန်မရှိပါ။

အင်တာနက်ဝန်ဆောင်မှုပေးသူများ၊ လူမှုမီဒီယာကွန်ယက်နှင့် အင်တာနက်စာမျက်နှာ ဖြန့်ဝေသူများ သည် ထုတ်ဝေသူများဖြစ်သောကြောင့် သူတို့ဖြန့်ဝေသော အကြောင်းအရာများအတွက် တာဝန်ရှိ သည်ဟု အချို့ဆိုကြသည်။ သို့သော် ဖုန်းအသုံးပြုသူတစ်ဦး၏ ဖုန်းတွင် ပြောဆိုမှုအတွက် ဖုန်းကုမ္ပဏီ တွင် တာဝန်ရှိသည်ဟု ဆိုကြမည်မဟုတ်ပါ။ အင်တာနက်ဝန်ဆောင်မှုပေးသူများ၊ လူမှုမီဒီယာ ကွန်ယက်နှင့် အင်တာနက်စာမျက်နှာဖြန့်ဝေ သူများသည် သတင်းစာနှင့် ရုပ်မြင်သံကြား ထုတ်ဝေသူ များထက် ဖုန်းကုမ္ပဏီနှင့် ပို၍ ဆင်သည်။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် အသုံးပြုသူများ၏ ပြောဆိုရေးသားသော အကြောင်းအရာကိုသာ ပြုပြင်ပြောင်းလဲခြင်းမလုပ်ပါက သူတို့တွင် တာဝန် မရှိပါ။ အသုံးပြုသူများတွင်သာ တာဝန်ရှိသည်။

## Should internet service providers (ISPs) take down content if a court orders it?

Yes. But in many countries, the police or public officials try to order internet service providers (ISPs), social media networks, and website hosts to take down content without going to court.

This is a violation of the three-part test in international law which requires that any restriction of the right to freedom of expression be written in law and decided by a court. The police would be violating international law if they confiscated a newspaper from a shop without a court being involved, and taking down content from the internet is exactly the same.

## တရားရုံးမှ အမိန့်ချမှတ်ပါက အင်တာနက်ဝန်ဆောင်မှုပေးသူများအနေဖြင့် အင်တာနက်ပါ အကြောင်းအရာကို ဖြုတ်ပေးသင့်သလား။

ဖြုတ်ပေးသင့်ပါသည်။ သို့သော် နိုင်ငံအများစုတွင် အင်တာနက်ပါ အကြောင်းအရာကို ပယ်ဖျက် ပေးရန် ရဲများနှင့် အစိုးရတာဝန်ရှိသူများက တရားရုံးသို့မသွားပဲ အင်တာနက်ဝန်ဆောင်မှုပေးသူများ၊ လူမှုမီဒီယာကွန်ယက်နှင့် အင်တာနက်စာမျက်နှာ ဖြန့်ဝေသူများကို အမိန့်ပေးလေ့ရှိသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မည်သည့်နည်းဖြင့်ဖြစ်စေ ကန့်သတ်လိုပါက ဥပဒေတွင် ရေးသားထား၍ဖြစ်စေ၊ တရားရုံးမှ ဆုံးဖြတ်ချက်ဖြင့်သာ ပြုလုပ်ရမည်ဟုဆိုထားသည့် နိုင်ငံတကာ ဥပဒေ၏ အဆင့်သုံးဆင့်လိုအပ်ချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။ တရားရုံး၏ ပါဝင်မှုမရှိပဲ ရဲက ဆိုင်တစ်ဆိုင်ဆိုင်မှ သတင်းစာကို သိမ်းဆည်းခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်း ဖြစ်

သည်။ အင်တာနက်ပေါ်တွင်တင်ထားသော အကြောင်းအရာကို ပယ်ဖျက်ခြင်းသည်လည်း ထိုကဲ့သို့ ပင်ဖြစ်သည်။

## Should users be responsible for their content?

Yes, but only in the same way that they would be responsible if they said it in the street.

Bloggers and other 'citizen journalists' should not be treated like traditional journalists working for newspapers or television stations. Although they do similar work in many ways, they do not have the same money or technology available to them. As such, laws with the responsibilities and duties meant for the print or broadcast media should not cover them.

## အင်တာနက်အသုံးပြုသူများသည် သူတို့တင်ပြသော အကြောင်းအရာများအတွက် တာဝန်ရှိပါသလား။

ရှိပါသည်။ သို့သော် လမ်းပေါ်တွင် ပြောဆိုသောအခါ တာဝန်ယူရသည့်အတိုင်းပင်ဖြစ်သည်။

ရုပ်မြင်သံကြားဌာန၊ သတင်းစာများနှင့် အလုပ်လုပ်နေသော သတင်းထောက်များကို ဆက်ဆံ သကဲ့သို့ ဘလော့ဒ်ရေးသူများနှင့် "နိုင်ငံသားသတင်းထောက်"များကို တစ်မျိုးထဲ မဆက်ဆံသင့်ပါ။ သူတို့ လုပ်ဆောင်ချက်များ အများစု ဆင်တူမှုရှိသော်လည်း သူတို့တွင် ရုပ်မြင်သံကြားနှင့် သတင်းစာ တိုက်တွင်လုပ်သော သတင်းထောက်များကဲ့သို့ ငွေကြေးနှင့် နည်းပညာအထောက်အကူ မရရှိပါ။ ထို့ကြောင့် ပုံနှိပ်နှင့် ရေဒီယို၊ရုပ်မြင်သံကြားဆိုင်ရာ မီဒီယာအတွက် ဥပဒေတွင် ပြဋ္ဌာန်းထားသော တာဝန်နှင့် ဝတ္တရားများသည် သူတို့အပေါ်သက်ရောက်မှုမရှိသင့်ပါ။

## Should anonymous users be responsible for their content?

Yes. Users that hide their identity are just as responsible for their content as users that do not. Anonymity is not a defence against prosecution for crimes or defamation on the internet.

## အမည်မဖော်ပဲ သုံးစွဲသူများသည် သူတို့ပြောဆိုသော အကြောင်းအရာအတွက် တာဝန်ရှိပါသလား။

တာဝန်ရှိပါသည်။ မိမိ အမည်မဖော်ဘဲ လျှို့ဝှက်ထားသူသည်လည်း မိမိအမည်ကိုဖော်၍ သုံးစွဲသူ ကဲ့သို့ပင် တာဝန်ရှိသည်။ အင်တာနက်ပေါ်မှ အသရေဖျက်မှုနှင့် ပြစ်မှုကျူးလွန်ထားခြင်းအတွက် မိမိ၏ အမည်နှင့် နောက်ခံအကြောင်းအရာကို ဖျောက်ထားခြင်းသည် အကာအကွယ်မဟုတ်ပါ။

## Is surveillance of the internet

## okay?

Any surveillance over the internet needs to pass the three-part test in international law to make sure that it does not damage the right to freedom of expression, and also the right to privacy.

Although surveillance on the internet is okay when a crime is taking place for example, states often use surveillance to watch dissenters or collect information about people. Such surveillance not only invades people's right to privacy, but also deters people from expressing themselves freely on the internet.

Surveillance should only be used in circumstances that are specifically defined in law, and when a relevant court orders it. Courts should only order surveillance on a case-by-case basis, and any surveillance that is not written in law, is illegal.

## အင်တာနက်ကို အနီးကပ်ထောက်လှမ်းစောင့်ကြည့်ခြင်းသည် သင့်လျော်ပါသလား။

အများနှင့် မသက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မထိခိုက်စေရန် ထောက်လှမ်းစောင့်ကြည့်မှုသည် နိုင်ငံတကာဥပဒေ၏ အဆင့်သုံးဆင့် လိုအပ်ချက်နှင့် ညီညွတ်မှုရှိရမည်။

ဥပမာအားဖြင့် ပြစ်မှုဆိုင်ရာကိစ္စအတွက် အင်တာနက်ကို အနီးကပ်စောင့်ကြည့်ခြင်းဟာ သင့်တော် သော်လည်း အစိုးရသည် အများအားဖြင့် ၎င်းကို ဆန့်ကျင်သူများအား စောင့်ကြည့်ရန်နှင့် လူတွေရဲ့ သတင်းအချက်အလက်ကို စုဆောင်းရန် အသုံးပြုလေ့ရှိသည်။ ထိုကဲ့သို့သော ထောက်လှမ်းစောင့်ကြည့်ခြင်းသည် လူတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအခွင့်အရေးကို ချိုးဖောက်ခြင်းသာမကပဲ အင်တာနက်ပေါ်တွင် လူအများ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမည်ကို ဟန့်တားခြင်းဖြစ်သည်။

ထောက်လှမ်းစောင့်ကြည့်ခြင်းကို ဥပဒေအရ အတိအကျ ပြဌာန်းထားသည့်အခြေအနေမျိုးနှင့် သက်ဆိုင်သည့် တရားရုံးအမိန့်ဖြင့်သာ ပြုလုပ်သင့်သည်။  ဥပဒေတွင် ပြဌာန်းထားမှုမရှိသော မည်သည့်ထောက်လှမ်းစောင့်ကြည့်မှုမျိုးမဆို တရားမဝင်ပါ။ တရားရုံးများအနေဖြင့်လည်း အမှု တစ်ခု ချင်းစီအလိုက်ပေါ် အခြေခံ၍ ထောက်လှမ်းစောင့်ကြည့်ခွင့် အမိန့်ချပေးသင့်သည်။

# ရုပ်သံလွှင့်မီဒီယာကို စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်း

## Regulating broadcast media

**ARTICLE 19 is regularly asked whether the government or another organisation should regulate the broadcast media, which includes television and radio. This beginners' guide looks at regulation from a human rights viewpoint and in particular the right to freedom of expression.**

ရေဒီယို၊ ရုပ်မြင်သံကြားအပါအဝင် ရုပ်သံလွှင့်မီဒီယာကို အစိုးရ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက စည်းမျဉ်းဖြင့် ထိန်းချုပ်သင့်လားဆိုတဲ့မေးခွန်း အာတီကယ် ၁၉ ကို မကြာခဏ မေးလေ့ရှိပါတယ်။ ဤ အခြေခံအဆင့်လမ်းညွှန်တွင် စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်းကို လူ့ အခွင့်အရေးနှင့် အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရှု့ထောင့်မှ တင်ပြထား သည်။

### Are human rights important when regulating the broadcast media?

Yes. Television and radio are the largest sources of information and debate for the majority of people worldwide and as such can be seen as the most important examples of the right to freedom of expression today.

Together television and radio are called the broadcast media and they are vital for democracies to work because they publish a diverse range of voices with different opinions. They rely on the right to freedom of expression to do so.

This right, which is for everyone as well as the broadcast media, is guaranteed in international human rights law in the Universal Declaration of Human Rights and the International Covenant on Civil and Political Rights, collectively known as the international bill of human rights, and which emerged from the horrors of World War II.

International human rights law has become so important that all governments are required to respect, protect and fulfil the right to freedom of expression within each country.

Regulation of the broadcast media can be a problem because it interferes with the right to freedom of expression. ARTICLE 19 exists to point out what regulation is okay and suitable in a democracy and what regulation is not. We do not guess - we look at and compare with the human rights standards that have developed internationally over several decades.

International human rights standards say that regulation of broadcasting must be:

1. Written in law (not arbitrary)
2. Have a legitimate aim (these aims are listed in international law as the rights or

reputations of others, national security, public order, public health and morals)

3. Absolutely necessary to achieve the above aim (necessary in a democracy, and done in a proportionate way).

This is known as the three-part test and comes from the International Covenant on Civil and Political Rights.

## ရုပ်သံလွှင့်မီဒီယာကို စည်းမျဉ်းဖြင့်ထိန်းချုပ်ရာတွင် လူ့အခွင့်အရေး အရေးကြီးပါသလား။

အရေးကြီးပါသည်။ ကမ္ဘာ့တစ်ဝန်းမှ ပြည်သူများ သတင်းအချက်အလက်နှင့် ဆွေးနွေးပွဲ များကို ကြည့်ရှု နားဆင်နိုင်ရန် ရုပ်မြင်သံကြားနှင့် ရေဒီယိုသည် အကြီးမားဆုံးသော သတင်း ထုတ်လွှင့်ပေးသည့်အရင်းအမြစ်ဖြစ်ပြီး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးမှု၏ အရေးကြီးဆုံးသော သာဓကတစ်ခုဖြစ်သည်။

ရေဒီယိုနှင့် ရုပ်မြင်သံကြားကို ရုပ်သံလွှင့်မီဒီယာဟု ခေါ်ဆိုပြီး၊ ၎င်းတို့ မှတဆင့် မတူကွဲပြားသောအမြင်များအပေါ်အခြေခံသည့် အမျိုးမျိုးသောအသံများကို ထုတ်လွှင့်သောကြောင့် ဒီမိုကရေစီဖွံ့ဖြိုးမှုအတွက် အရေးကြီးသည်။ ၎င်းတို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆို ခွင့် အပေါ်အမှီပြုသည်။

ဤ အခွင့်အရေးသည် လူသားတိုင်းနှင့် ရုပ်သံလွှင့်မီဒီယာအတွက်ဖြစ်ပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း နှင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တွင် အာမခံချက်ပေး ထားသည်။ ခြောက်ခြားဖွယ် ဒုတိယကမ္ဘာစစ်ဖြစ်ရပ်မှ ပေါ်ထွက်လာပြီး ၎င်းတို့ကို တစ်စု တစ်စည်းတည်းအဖြစ် အခြေခံနိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအဖြစ်လည်း သိထားကြ သည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေသည် အလွန်အရေးကြီးသဖြင့် နိုင်ငံတစ်ခုချင်းစီရှိ အစိုးရတိုင်းမှ လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆို ခွင့်ကို ကျင့်သုံးနိုင်ရန် ဖော်ဆောင်ပေးမှုများ လုပ်ဆောင်ပေးရန်လိုသည်။

ရုပ်သံလွှင့်မီဒီယာကို စည်းမျဉ်းဖြင့်ထိန်းချုပ်ခြင်းသည်... ရုပ်သံလွှင့်မီဒီယာကို စည်းမျဉ်းဖြင့်ထိန်းချုပ်ေ သာကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆို ခွင့်ကို ထိပါးနှောက်ယှက်လာပါက မကောင်းပါ။ ဒီမိုကရေစီအတွက် မည်သို့သော စည်းမျဉ်းသည် သင့်တော်ပြီး၊ မည်ကဲ့သို့သောအခွင့်အရေးသည် မသင့်လျော်ကြောင်း အာတီကယ် ၁၉ က ထောက်ပြထားသည်။ မိမိတို့ ခန့်မှန်း ပြောဆိုခြင်းမလုပ်ပါ။ ဆယ်စု နှစ်ပေါင်းများစွာ နိုင်ငံတကာတွင် ဖြစ်ထွန်းတိုးတက်လာသော လူ့အခွင့်အရေးစံနှုန်း ကိုကြည့်၍ နှိုင်းယှဉ်မှုပြု ထားခြင်းဖြစ်သည်။

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းအရ ရုပ်သံလွှင့်ခြ င်းဆိုင်ရာစည်းမျဉ်းသည်

၁။ ဥပဒေဖြင့် ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်ရမည်။ ( အလျင်းသင့်သလို မတရား

လုပ်ဆောင်ခြင်းမဖြစ်စေရ)

၂။ တရားဝင်ဦးတည်ချက်ရှိရမည် ( ထိုဦးတည်ချက်များကို အခြားသူ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာ၊ အမျိုးသားလုံခြုံရေး၊ လူထုလုံခြုံရေး၊ လူထုကျန်းမာရေး နှင့် ကိုယ်ကျင့်တရားများအဖြစ် နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသည်။)

၃။ ၎င်းဦးတည်ချက်များကို ရရှိရန် လုံးဝ လိုအပ်သည့်အခြေအနေတွင် (ဒီမိုကရေစီအတွက် လိုအပ်ခြင်းနှင့် အချိုးညီလုပ်ဆောင်ခြင်း) ဖြစ်ရမည်။

၎င်းတို့သည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်မှ ပေါက်ဖွားလာခြင်းဖြစ်ပြီး၊ အဆင့်သုံးဆင့်လိုအပ်ချက်အဖြစ်သိထားကြသည်။

## Should the broadcast media be regulated in law?

Yes. Unlike the print media where regulation always undermines the right to freedom of expression, regulation of the broadcast media is necessary to protect it. This is because while the print media uses a technology that is almost unlimited – paper and ink – the broadcast media uses one that is very limited – radio waves.

The spectrum of radio waves is broken down into frequencies which are limited in number. Because there is high demand and only some frequencies are usable, states need to regulate how they give them out to broadcasters – for example, BBC World Service has been given FM frequency 100.5 in Nigeria. If states do not regulate, several broadcasters may choose the same frequency, spoiling the signal.

In international law, states have to protect everyone’s right to freedom of expression across all technologies. As such, they need to make sure that when they give out frequencies, they do so in a way that ensures as many groups as possible can freely express themselves. Broadcasters should be both diverse and plural.

## အသံလွှင့်မီဒီယာကို ဥပဒေဖြင့် စည်းမျဉ်းချမှတ် ထိန်းချုပ်သင့်သလား။

လုပ်သင့်ပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အမြဲထိခိုက်စေသည့် ပုံနှိပ်မီဒီယာလုပ်ငန်းနှင့် ကွာခြားသည့် အသံလွှင့်မီဒီယာကို စည်းမျဉ်းချမှတ်ခြင်းခြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်သင့်သည်။ အကြောင်းမှာ ပုံနှိပ်မီဒီယာတွင် စာရွက်၊ မင် ကဲ့သို့သော နည်းပညာအမျိုးမျိုးကို အကန့်အသတ်မရှိသုံးသော်လည်း အသံလွှင့်မီဒီယာ သည် ရေဒီယိုအသံလှိုင်း တစ်ခုတည်းကိုသာ အသုံးပြုသည်။

ရေဒီယိုအသံလှိုင်းများကို အရေအတွက်ဖြင့် ကန့်သန့်မှုရှိသည့် အသံတုန်ခါနှုန်းအဖြစ် ပြောင်းလဲ အသုံးပြုသည်။ ၎င်းကို အသုံးပြုလိုသူများခြင်း၊ အချို့သော အသံလှိုင်းများသာ အသုံးပြုနိုင်ခြင်းတို့ကြောင့် အစိုးအနေဖြင့် ၎င်းကို အသံလွှင့်သူများအား ခွဲဝေပေးမည့် နည်းလမ်းကို

စည်းမျဉ်းချမှတ်ထားရန်လိုသည်။ ဥပမာ နိုင်ဂျီးရီးယားနိုင်ငံတွင် ဘီဘီစီ နိုင်ငံတကာ သတင်းဌာနာကို  အက်ဖ်အမ် အသံလှိုင်း ၁၀၀.၅ ကို ပေးထားသည်။ အစိုးရမှ စည်းမျဉ်းချမှတ်ထားခြင်းမရှိလျှင် အသံလွှင့်သူများမှ အသံလှိုင်းတစ်ခုတည်းကိုသာ ရွေးချယ်အသုံးပြုမည်ဖြစ်ပြီး ၊ ရေဒီယိုလှိုင်းကို ပျက်စီးစေနိုင်သည်။

နိုင်ငံတကာဥပဒေအရ နည်းပညာဆိုင်ရာနယ်ပယ်အားလုံးတွင် နိုင်ငံတော်မှ  လူတိုင်း၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကာအကွယ်ပေးရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ရန် အတွက် အသံလှိုင်းကို ခွဲဝေပေးရာတွင် အဖွဲ့အစည်းများ လွတ်လပ်စွာပြောဆိုနိုင်ရန် တတ်နိုင်သမျှဆောင်ရွက်ပေးရမည်။ အသံလွှင့်သူများ တစ်ခုထက်မက များပြားကာ (ဗဟုစနစ်) မတူကွဲပြားမှုအမျိုးမျိုး ရှိနေသင့်သည်။

## What are plurality and diversity?

Plurality covers the types of broadcasters and their owners. A state that promotes plurality gives frequencies to a variety of commercial broadcasters, public service broadcasters and community broadcasters. States that undermine plurality give frequencies to only one or two.

Diversity covers the variety of voices and opinions given frequencies. A state that encourages diversity gives frequencies in a way that ensures that different groups and communities can broadcast. States that undermine diversity give frequencies to certain groups and ignore others.

## တစ်ခုထက်မကများပြားခြင်း(ဗဟုစနစ်)နှင့် မတူကွဲပြားမှုဆိုတာဘာလဲ။

တစ်ခုထက်မကများပြားခြင်း(ဗဟုစနစ်) ဟုဆိုရာတွင် အသံလွှင့်ဌာနအမျိုးအစားနှင့် ၎င်းတို့ကို ပိုင်ရှင်များကို ဆိုလိုသည်။ ဗဟုစနစ်ကို အားပေးသောနိုင်ငံတော်သည် အမျိုးမျိုး သော စီးပွားရေးဆိုင်ရာ အသံလွှင့်ဌာန၊ လူထုဝန်ဆောင်မှုပေးသော အသံလွှင့်ဌာနနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ အသံလွှင့်ဌာနာများကို အသံလှိုင်း ခွဲဝေပေးသည်။ ဗဟုစနစ်ကို အလေးမထားသော အစိုးရသည် အသံလွှင့်ဌာနာ တစ်ခု သို့မဟုတ် နှစ်ခုကိုသာ အသံလှိုင်းပေးသည်။

မတူကွဲပြားမှုစနစ်တွင် အမျိုးမျိုးသောအသံနှင့် အမြင်သဘောထားများကို လွှမ်းခြုံစေရန် အသံလှိုင်းများကို ခွဲဝေပေးခြင်းဖြစ်သည်။ မတူကွဲပြားမှုကို အားပေးသော နိုင်ငံတော်သည် အမျိုးမျိုးသော အစုအဖွဲ့နှင့် အသိုင်းအဝိုင်းများ အသံလွှင့်နိုင်ရန် ရေဒီယိုလှိုင်းကို ခွဲဝေပေးသည်။ မတူကွဲပြားမှုကို အလေးမထားသော နိုင်ငံတော်သည် တစ်ချို့အဖွဲ့ကိုသာ အသံ လှိုင်းပေး၍ အခြားအဖွဲ့များကို ဥပက္ခာပြုထားသည်။

## What should broadcast media regulation aim to do?

Broadcast media regulation should aim to:

- Ensure pluralism and diversity

- Ensure frequencies are given out in a fair and impartial way
- Help the media move from analogue to digital frequencies as digital technology can carry many more broadcasters and therefore more plurality and diversity
- Help the broadcast media and telecommunications industry work together so that more broadcasters can use digital telecommunications technology to make a more diverse and plural range of content.

## အသံလွှင့် မီဒီယာဆိုင်ရာ စည်းမျဉ်းသည် မည်သို့သောဦးတည်ချက်ထားရှိသင့်သနည်း။

ရုပ်သံလွှင့် မီဒီယာ စည်းမျဉ်းသည်

- ဗဟုစနစ်နှင့် မတူကွဲပြားမှု ရှိစေသင့်သည်။
- အသံလှိုင်းများကို ဘက်မလိုက်ဘဲ တရားသောနည်းဖြင့် ခွဲဝေပေးရန်
- ဒီဂျစ်တယ် အသံလှိုင်းကြောင့် အသံလွှင့်သူအများအပြား ပိုမိုအသုံးပြုနိုင်ပြီး ဗဟုစနစ်ပိုဆန်ကာ မတူကွဲပြားမှုကို မြင့်တင်စေနိုင်သောကြောင့် မီဒီယာကို အန်နာလော့ဂ်စနစ်မှ ဒီဂျစ်တယ် အသံလှိုင်းစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် ကူညီပေးသင့်သည်။
- ရုပ်သံလွှင့် မီဒီယာနှင့် လျှပ်စစ်ဆက်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ရှိလာရန် ကူညီပေးသင့်သည်။ သို့မှသာ အသံလွှင့်သူများအနေဖြင့် မတူကွဲပြားမှု နှင့် တစ်ခုထက်ပိုသောအမြင်၊ သဘောထားများပါ အကြောင်းအရာများကို လွှင့်ထုတ်နိုင်ရန် ဒီဂျစ်တယ် ဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင်မည်ဖြစ်သည်။

## What should broadcast media regulation include?

Broadcast media regulation should include:

- The name of the regulatory body, and a description of what it is responsible for and what it can do
- An overall policy statement explaining what the regulation aims to do
- A procedure that makes the regulatory body accountable to the public
- A clear statement that the regulatory body is independent from government, and a list of safeguards that stop government from interfering or pressuring it to make certain decisions.

## အသံလွှင့် မီဒီယာ စည်းမျဉ်းတွင် ဘာတွေ ပါသင့်သလဲ။

အသံလွှင့်မီဒီယာ စည်းမျဉ်းတွင် -

- စည်းမျဉ်းချမှတ်သည့် အဖွဲ့အစည်းနှင့် ၎င်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ဖော်ပြချက်
- စည်းမျဉ်း၏ ဦးတည်ချက်အကြောင်းရှင်းပြသည့် အဖွဲ့၏ ယေဘုယျ မူဝါဒ
- စည်းမျဉ်းချမှတ်သည့် အဖွဲ့မှ

လူထုအပေါ်တာဝန်ခံမှုရှိစေရန် လိုက်နာဆောင်ရွက် ရမည့် လုပ်ထုံးလုပ်နည်း

- စည်းမျဉ်းချမှတ်သောဌာနသည် အစိုးရ၏ လွှမ်းမိုးမှုမှကင်းရှင်းကြောင်း တိကျ ရှင်းလင်းသည့် ကြေငြာချက်နှင့် ဆုံးဖြတ်ချက်တစ်ခုခုအတွက် အစိုးရမှ ဝင်ရောက် စွက်ဖက်မှု သို့မဟုတ် ဖိအားပေးမှုမရှိစေရန် အကာအကွယ်ပေးထားသည့် အရာများ

## What should the safeguards be to ensure independence?

The regulatory body that oversees the broadcasting media should be independent from the government, from political parties, and from other interest groups. It should:

- Involve the public as much as possible in choosing the best members for the regulatory body
- Only have members that are independent and honest experts in the media
- Have the powers it needs to work effectively
- Have control over enough secure funding to make it independent and sustainable.

## လွတ်လပ်မှုရှိကြောင်းသေချာစေရန် ဘယ်လို အကာအကွယ်ပေးထာသင့်သလဲ။

ရုပ်သံလွှင့်မီဒီယာကို ကြည့်ကြပ်၍ စည်းမျဉ်းချမှတ်သည့်အဖွဲ့သည် အစိုးရ၊ နိုင်ငံရေးပါတီနှင့် အခြားသောအဖွဲ့များမှ သီးခြားလွတ်လပ်စွာရပ်တည်နေရမည်။ ၎င်း ဌာနတွင်

- စည်းမျဉ်းချမှတ်သည့် ဌာနအတွက် အကောင်းဆုံးအဖွဲ့ဝင်ရွေးချယ်နိုင်ရန် အတွက် လူထု၏ပါဝင်မှု တတ်နိုင်သမျှအများဆုံးဖြစ်ရမည်။
- အဖွဲ့ဝင်များသည် လွတ်လပ်ပြီး ရိုးသားသည့် ကျွမ်းကျင်သူပညာရှင်များသာ ဖြစ်ရမည်။
- လုပ်ငန်းကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ပိုင်ခွင့်အာဏာ ရှိရမည်။
- လွတ်လပ်စွာနှင့် ရေရှည်တည်တံ့စွာ လုပ်ဆောင်နိုင်ရန်အတွက် လုံလောက်သောငွေကြေးရှိပြီး၊ ၎င်းကို ထိန်းချုပ်နိုင်ရမည်။

## What should a broadcast media regulatory body do?

A broadcast media regulator should do two things:

- Give frequencies to broadcasters
- Make a code of conduct for broadcasters dealing with a range of content and practical issues.

## အသံလွှင့်မီဒီယာ စည်းမျဉ်းချမှတ်သည့်ဌာန ဘာတွေလုပ်ဆောင်သင့်သလဲ။

အသံလွှင့်မီဒီယာ စည်းမျဉ်းချမှတ်သူသည်

အချက်နှစ်ချက်ကို လုပ်ဆောင်ရန်လိုသည် -

- အသံလှိုင်းကို အသံလွှင့်ဌာနများအား ချမှတ်ပေးရန်
- လက်တွေ့ကိစ္စအမျိုးမျိုးနှင့် အကြောင်းအရာအမျိုးမျိုးအပေါ် လုပ်ကိုင်နေသော အသံလွှင့်သူများဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းရေးဆွဲရန်

## What should be in a state's broadcasting policy?

A government is responsible for creating a broadcast policy, but it should include commercial, public and community broadcasters as well as representatives from their audiences in the process. A policy made in this way would be the most democratic and best serve the public interest.

A broadcasting policy should clearly say how frequencies are given out. It should be clear enough so that everyone can see how, when and why frequencies are given out.

The policy should explain that frequencies are not just given to broadcasters who offer the most money, but also to broadcasters who would make the media more diverse and plural. It should describe the criteria under which the regulatory body decides how to maximise diversity and plurality. For example, the people in a country may speak several languages and the policy should make sure that the broadcast media has multi-lingual content.

Most broadcasting policies decide how to give out frequencies by:

1. First, splitting frequencies between national, regional and local levels
2. Second, dividing frequencies in each level into radio and television
3. Third, sharing radio and television frequencies at each level into some for public broadcasters, some for commercial broadcasters, and some for community broadcasters.

## နိုင်ငံတော်၏ အသံလွှင့်မှုဆိုင်ရာမူတွင် ဘာတွေပါဝင်သည့်သလဲ။

ရုပ်သံလွှင့်မှုဆိုင်ရာမူ ချမှတ်ရန် အစိုးရတွင် တာဝန်ရှိသည်။ သို့သော် မူချမှတ်ရေး လုပ်ငန်း စဉ်တွင် ပရိတ်သတ်မှ ကိုယ်စားလှယ်များအပါအဝင် စီးပွားရေးနှင့် ဒေသန္တရဆိုင်ရာ အသံ လွှင့်သူများလည်း ပါဝင်သင့်သည်။ ဤနည်းလမ်းဖြင့် မူဝါဒချမှတ်ခြင်းသည် လူထုအကျိုး ကို ပိုမိုဖြစ်ထွန်းစေပြီး ဒီမိုကရေစီစနစ်နည်းလမ်း အကျဆုံးဖြစ်သည်။

ရုပ်သံလွှင့်မှုဆိုင်ရာမူဝါဒတွင် အသံလှိုင်းကို မည့်သို့ခွဲဝေပေးကြောင်း ရှင်းလင်းစွာဖော်ပြ ထားသင့်သည်။ သို့မှသာ အသံလှိုင်းကို ဘယ်လိုပုံစံ၊ ဘယ်အချိန်နှင့် ဘာကြောင့် ခွဲဝေပေး ကြောင်း လူတိုင်းသိရှိနိုင်မည်ဖြစ်သည်။

ရေဒီယိုအသံလှိုင်းကို ငွေအများဆုံးပေးနိုင်သော

အသံလွင့်သူများကိုသာ ပေးခြင်းမဟုတ် ဘဲ မီဒီယာတွင် အမျိုးမျိုးသောအမြင်များကို ထုတ်လွှင့်ဖြန့်ချီလာစေရန် ဆောင်ရွက်သော အသံလွှင့်သူများကိုလဲ ခွဲပေးကြောင်း မူဝါဒတွင် ရှင်းလင်းဖော်ပြထားသင့်သည်။ ဗဟုစနစ်နှင့် မတူကွဲပြားသောအမြင်များပါဝင်မှု အမြင့်မားဆုံးပြုလုပ်ရန် လိုအပ်သည့် သတ်မှတ်ချက်ကိုအခြေခံ၍ စည်းမျဉ်းချမှတ်သည့်အဖွဲ့မှ ဆုံးဖြတ်ချက်ချပုံကိုလည်း ရှင်းလင်းထားသင့်သည်။ ဥပမာ နယ်အရပ်တွင်ရှိသော ပြည်သူများသည် ဘာသာစကား တစ်ခုထက် ပို၍ပြောဆိုေ သာသူများဖြစ်နိုင်သဖြင့် ရုပ်သံမီဒီယာတွင် ဘာသာစကား အမျိုးမျိုးဖြင့် ဖော်ပြပေးရမည်။

အသံလိုင်းခွဲဝေပေးမှုနှင့် ပတ်သက်၍ အသံလွှင့်မှုပိုင်းဆိုင်ရာမူဝါဒ အများစုကို

- ပထမဦးစွာ အသံလိုင်းကို တစ်မျိုးသားလုံးအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် အောက်ခြေ ဒေသန္တရအဆင့် ဟူ၍ခွဲခြားထားခြင်း
- ဒုတိယအဆင့်အနေဖြင့် အထက်ပါအဆင့်တစ်ခုခြင်းစီမှ အသံလိုင်းကို ရေဒီယိုနှင့် ရုပ်မြင်သံကြားပိုင်းဟူ၍ ပြန်လည်ခွဲခြမ်းခြင်း
- တတိယအဆင့်တွင် အဆင့်တစ်ခုခြင်းစီမှ ရေဒီယိုနှင့် ရုပ်မြင်သံကြားလိုင်းများကို လူထုဆိုင်ရာ အသံလွှင့်သူများ၊ စီးပွားေ ရးအတွက်အသံလွှင့်သူများနှင့် လူမှု အသိုင်းအဝိုင်းအတွက် အသံလွှင့်သူများသို့ ပြန်လည်မျှဝေပေးခြင်း

## How should frequencies be given out?

The broadcast policy should clearly say how the regulator decides who to give frequencies to. It should not ban groups of applicants. It is important to have this decision-making process written in law before the process begins so everyone can understand it. It should have:

- Criteria for how applications are judged
- Time limits for the decision-making process
- Opportunities for applicants to say what they want to do with the frequency
- Opportunities for the general public to say their opinions
- Opportunity for the applicant to appeal to a judge.

The broadcast regulator should write to each failed applicant explaining why they were unsuccessful and give the successful applicant a licence to use a frequency.

## အသံလိုင်းများကို မည်သို့ခွဲဝေပေးသင့်သနည်း။

စည်းမျဉ်းချမှတ်သူများအနေဖြင့် အသံလိုင်းခွဲဝေပေးရန် မည်သို့ဆုံးဖြတ်ပုံအကြောင်း ရုပ်သံလိုင်းဆိုင်ရာမူဝါဒတွင် ရှင်းလင်းစွာ ဖော်ပြထားသင့်သည်။ လျှောက်လွှာတင်သူများ ကို ဤ မူဝါဒအရ မတားမြစ်သင့်ပါ။ လူတိုင်းနားလည်နိုင်ရန်အတွက်

ဆုံးဖြတ်ချက်ချမှတ် သည့်
လုပ်ငန်းစဉ်မစတင်မီ အသံလှိုင်းခွဲဝေပေးရန်
ဆုံးဖြတ်ချက်ချပုံချနည်းကိုလည်း ဥပဒေတွင်
ရေးသားဖော်ပြထားသင့်သည်။ ၎င်းမှုတွင်

- အသံလှိုင်းတောင်းလျှောက်လွှာကို စဉ်းစားဆုံးဖြတ်ရန်အတွက် လိုအပ်သော သတ်မှတ်ချက်များထားရှိရမည်။
- ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်အတွက် သတ်မှတ်ထားသည့်အချိန် ပါဝင်ရမည်။
- တောင်းလျှောက်လွှာတင်သူများအနေဖြင့် အသံလှိုင်းကို မည်သို့မည်ပုံ အသုံးပြုမည်ဖြစ်ကြောင်း ပြောခွင့်ပေးရမည်။
- သာမာန်ပြည်သူများကိုလည်း သူတို့သဘောထားအမြင်ကို ပြောဆိုခွင့်ပေးသင့် သည်။
- လျှောက်လွှာတင်သူများအား တရားသူကြီးထံသို့ အယူခံဝင်ခွင့်ပေးရမည်။

ရုပ်သံလှိုင်းဆိုင်ရာ စည်းမျဉ်းချမှတ်သူများသည် လျှောက်ထားချက် မအောင်သော သူ များအား မအောင်မြင်သောအကြောင်းအရင်းကို စာရေး၍ ရှင်းပြသင့်သည်။ လျှောက်ထားချက် အောင်မြင်သောသူများကို အသံလှိုင်းအသုံးပြုခွင့်လိုင်စင် ထုတ်ပေးရမည်။

## What rules should licence holders follow?

A broadcast regulator makes rules when they give a broadcaster a licence to use a frequency. The rules make sure that the broadcaster does what they said they would do in their application. There are usually two groups of rules: the first is written in law and apply to all broadcasters with a licence, and the second is like a contract and only for the individual broadcaster.

There is always a risk that the rules for an individual broadcaster are abused for political reasons, so all rules should follow the aims of the broadcasting policy. The rules should not make a licence difficult or expensive, by for example making it so short-term that it does not help broadcasters get back their investment. When the licence ends, the regulator should normally renew it, unless renewal would undermine public interest.

## လိုင်စင်ရရှိသူများ မည်သို့သော စည်းကမ်းများ လိုက်နာရမည်နည်း။

အသံလှိုင်းဆိုင်ရာ စည်းမျဉ်းချမှတ်သူများသည် အသံလွှင့်သူကို အသံလှိုင်းအသုံးပြုခွင့်

လိုင်စင်ပေးစဉ် စည်းမျဉ်းများကို ချမှတ်ပေးလိုက်သည်။ ထိုစည်းမျဉ်းတွင် အသံလွှင့်သူ အနေဖြင့် ၎င်းတို့၏လျှောက်လွှာတွင် ဖော်ပြထားသကဲ့သို့ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။ ပုံမှန်အားဖြင့် စည်းမျဉ်းအုပ်စုနှစ်စုရှိသည် ( ပထမစည်းမျဉ်းကို ဥပဒေတွင် ရေးသားထားပြီး၊ လိုင်စင်ရ အသံလွှင့်သူအားလုံး လိုက်နာရန်ဖြစ်ည်။ ဒုတိယစည်းမျဉ်းသည် နှစ်ဦး သဘောတူစာချုပ်ပုံစံဖြစ်ပြီး၊ ၎င်းသည် တစ်သီးပုဂ္ဂလ သတင်းထုတ်လွှင့်သူများ အတွက် ဖြစ်သည်။

နိုင်ငံရေးအကြောင်းကြောင့်

တစ်သီးပုဂ္ဂလအသံလွှင့်သူများသည် စည်းမျဉ်းများအရ အခွင့်အရေးချိုးဖောက်ခံရနိုင်သည့် အန္တရာယ်ကြုံတတ်သောကြောင့်၊ စည်းမျဉ်းအားလုံး သည် ချမှတ်ထားသည့် အသံလွှင့်ခြင်းဆိုင်ရာမှုအရသာ ဖြစ်သင့်သည်။ စည်းမျဉ်းများသည် လိုင်စင်အတွက် မခက်ခဲစေသင့်ပါ။ ငွေကုန်ကြေးကြလည်း မများစေသင့်ပါ။ ဥပမာ လိုင်စင် ကို အချိန်တိုအတွက်သာ ပေးထားပါက အသံလွှင့်သူများအနေဖြင့် သူတို့၏ အရင်းအနှီး ပြန်ရစေဖို့ ကူညီပေးရာ မရောက်ပါ။ လိုင်စင် သက်တမ်းကုန်ဆုံးပါက  လူထုအကျိုးကို ထိခိုက်စေသည့် အခြေအနေမျိုးမှလွဲ၍ သက်တမ်းပြန်တိုးပေးသင့်သည်။

## How much should a licence cost?

If the broadcast regulator decides to sell licences for a fee, the cost should not be expensive or unrealistic. The fee should be published before the application process starts, and should not change depending on whether for example the broadcaster has news shows.

## လိုင်စင်တန်ဖိုးကို ဘယ်လောက်သတ်မှတ်သင့်သလဲ။

ရုပ်သံလှိုင်းဆိုင်ရာ စည်းမျဉ်းချမှတ်သူမှ လိုင်စင်ကို ရောင်းချပေးရန် ဆုံးဖြတ်လျှင် လိုင်စင်တန်ဖိုးသည် လက်တွေ့မဆန် ဈေးအလွန်မြင့်မားခြင်းမျိုးမဖြစ်သင့်ပါ။ငွေ တန်ဖိုးကို လိုင်စင်လျှောက်လွှာမတင်မီ ကြိုတင်အသိပေးထားသင့်သည်။ အသံလွှင့်သူမှ သတင်း အစီအစဉ်သစ် ထပ်မန်တိုးချဲ့မှုအပေါ် မူတည်၍ ဈေးနှုန်းပြောင်းလဲခြင်းမျိုး မပြုလုပ်သင့်ပါ။

## How should the broadcast regulator regulate content?

Aside from giving out frequencies, the broadcast regulator's second job is to create a code of conduct and oversee it, but only if broadcasters do not already have a system of self-regulation.

The code of conduct should:

- Be made with the help of the broadcast media and their audiences
- Not include criminal or civil liability
- Require balance and impartiality in news and current affairs, particularly around election time
- Deal with issues such as accuracy, privacy, and how to deal with sensitive things like death, sex or violence
- Cover professional ethics such as when doing interviews or paying for information
- Explain issues related to advertising.

## အသံလွှင့်မှုဆိုင်ရာ စည်းမျဉ်းချမှတ်သူသည် လွှင့်ထုတ်မည့်အကြောင်းအရာများကို မည်သို့ စည်းမျဉ်းချမှတ်သင့်သနည်း။

